


မြို့အနမ်း
အင်အားဟာအမှန်တရားလား . . .
မြို့ကြီးကိုများ သူက
ခါးစောင်းတင်နိုင်သတဲ့ . . .
အခုတော့လည်း
မြို့ကြီးတစ်ခါနမ်းလိုက်ရုံဖြင့်
ကျောကော့ကာ ဟန်ချက်ပျက်လေပြီ
မြို့အနမ်းက ကြမ်းလေ၏. . .
မာန်
(တောင်လုံးမြန်)

mgyoe.com SAMPLE BOOK

ယောက်ျားတွေမှာ အသံနှစ်မျိုး ရှိတယ်...

ကြည်မာ

နှင့်ကိုချစ်ရတာငါ့မှာ မငြိမ်းချမ်းသည့်တိုင် အမှောင်တော့မရှိသေးပါဘူး...

အစ်ကိုဖြိုး

မကောင်းမှုအကုသိုလ် လုပ်တဲ့အခါ
နောက်ဆုံးဆိုတာ ဘယ်တော့မှ မပြောရဘူး
အဲဒါ ကျဆုံးမှုကို လက်ယပ်ခေါ်တာပဲ . . .

ငါငြိမ်နေတာ အလကားငြိမ်နေတာ မဟုတ်ဘူး
ခြသေ့်ဆိုတာ အစာရှာတဲ့အချိန်ရှိသလို
ဂူအောင်းတဲ့ အချိန် ဆိုတာရှိတယ် . . .

လေးလေး



# မြို့အနမ်း

## မာန်

642034004
Price : 2000.00
မြို့ အနမ်း (မာန်(ကျောင်းကုန်းမြန်)

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် = ၅၀၁၄၆၀၁၂၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် = ၅၀၀၀၃၄၀၁၁၁

ပထမအကြိမ် = ဖေဖော်ဝါရီလ၊ ၂၀၁၁ ခုနှစ်။
ကံ့ကော်ဝတ်ရည်စာပေ

အုပ်ရေ = ၅၀၀

မျက်နှာဖုံးပုံနှိပ် = Sky ပုံနှိပ်တိုက်
အမှတ်-၁၉/B(1)၊ ၅၅-လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် = စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ (၅၁) လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ = ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ
၁၁၁၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း = သော်သိဂ်ါ

တန်ဖိုး = ၂၀၀၀ ကျပ်

၈၉၅.၈၃

မာန်(တောင်လုံးပြန်)

မြို့အနမ်း / မာန်(တောင်လုံးပြန်)။ - ရန်ကုန်။
ယုံကြည်ချက်စာပေ၊ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်။
စာမျက်နှာ-၂၂၀၊ ၁၃×၂၀ စင်တီမီတာ။
(၁) မြို့အနမ်း


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁။ | ပန်းရောင်နုနု ဇာခြင်ထောင်လေး | ၇ |
| ၂။ | အံကြိတ်ပြီး ကလဲ့စားချေလိုက်တယ် | ၄၅ |
| ၃။ | ကုသိုလ်တော်တော်ကြီး ရပြီထင် | ၅၆ |
| ၄။ | သုံးပုဒ် တစ်ရာက စတာပါပဲရှင် | ၆၇ |
| ၅။ | မဆိုတတ်လည်း ငိုတတ်ရင် ရတယ် | ၇၅ |
| ၆။ | ချစ်သမျှ တစ်ည ခြောက်ထောင် | ၁၀၁ |
| ၇။ | ကိုယ် မလှတော့ ပိုပြရပါရဲ့ | ၁၁၆ |
| ၈။ | တောကြိုက် မြို့ကြိုက် အကုန်ရ | ၁၄၄ |
| ၉။ | မြို့အနမ်းက ခပ်ကြမ်းကြမ်း | ၁၇၁ |
| ၁၀။ | တဏှာဟာ ဇရာကို မငဲ့ဘူး | ၁၉၂ |
| ၁၁။ | မင်းတို့ကိုလည်း အပြစ်မတင် | ၂၁၀ |
| ၁၂။ | ရှင်သေမင်း ဖတ်ရန် စာနှစ်စောင် | ၂၁၇ |


mgyoe.com

m g y o e . c o m SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ပန်းရောင်နှင့် ဇာခြင်ထောင်လေး

"ညက ရန်ကုန်မြို့ကြီး သူ့ကို နမ်းတယ်လို့ အိပ်မက် မက်တဲ့အကြောင်း အဒေါ်ကို သုံးခါတောင် ပြောတယ်၊ ခုမနက်မှာ ဆုံးတာပါပဲ ဆရာလေးရယ်၊ သူ့ခြင်ထောင်အသစ်လေးကို ပွေ့ပြီး ဆုံးတာပါ"

ဤအသုဘ အဖြေစကားကို တခြားနေရာ၌ ကျွန်တော် ကြားရပါမူ ရယ်ကောင်း ရယ်မိပါဦးမည်။ သို့ရာတွင် ယခု ဆုံးသူ ကြည်မာ့ထံမှ ထွက်ဆိုခဲ့သော စကား ဖြစ်သောကြောင့် ကျွန်တော့်စိတ်ပင် နင့်ခနဲ ဖြစ်သွားမိပါသေးသည်။ ကျေးလက်ဆရာဝန်တစ်ဦး ဖြစ်သော ကျွန်တော့်အား ကြည်မာ၏ အခြေအနေကို ကြည့်ရှုပေးပါရန် အဒေါ်ကြီး လာခေါ်စဉ်ကပင် ကြည်မာသည် ရုတ်တရက် ကောက်ကာငင်ခါ ဖျားနာသူ မဟုတ်မှန်း ကျွန်တော်တို့ သိပြီး ဖြစ်ပါ၏။ ပြီးတော့ အဒေါ်ကြီးနှင့် ကြည်မာတို့မှာ ဘာမှ မတော်စပ်ပါ။ နေထိုင်မကောင်း ဖြစ်ပြီး ခိုကိုးရာမဲ့နေသော ကြည်မာ့ကို အဒေါ်ကြီးက ရန်ကုန် ဆိပ်ကမ်းမှာ တွေ့ပြီး အိမ်ခေါ်လာခဲ့ခြင်းသာ ဖြစ်ပါသည်။ ကျွန်တော် သွားကြည့် ပေးချိန်မှာတော့ သိပ်မဟန်လှသည့် အခြေအနေမို့ ရန်ကုန် သွားပြီး ဆေးရုံ တက်ဖို့ ပြောကြည့်ပါသေးသည်။ ကြည်မာက လက်မခံ။

mgyoe.com

mgyoe.com SAMPLE BOOK


"ရန်ကုန်ကို ကျွန်မ စိတ်နာတယ် ဆရာ၊ ဒါကြောင့် ဘယ်မှာပဲ သေရ သေရ ဆိုပြီး ထွက်လာတာပါ၊ ၁၀ နှစ်ပါ ဆရာရယ်၊ ၁၀ နှစ်တောင်၊ ဟွန်း... ဒီဇာခြင်ထောင်လေး တစ်လုံးပဲ အဖတ်တင်တယ်၊ ဒါလေး လိုချင်လို့ မြို့ကို တက်ခဲ့မိတာကိုး"

ကျွန်တော်မှာ ကျေးလက်ဆရာဝန်တစ်ဦး ဖြစ်နေသဖြင့် လူမမာများ၏ ကိုယ်ရေးကိုယ်တာများကို အခါမလပ် ကြားခဲ့ရမြဲ ဖြစ်ပါသည်။ အထူးသဖြင့် ဆင်းရဲမွဲတေမှုကြောင့် စိတ်မှာ ထိခိုက်ခံစားရသည်များကို ရောဂါနှင့် တိုက်ရိုက် သက်ဆိုင်ခြင်း မရှိသော်ငြား ကျွန်တော့်မှာ လူမမာ၏အလိုကို ကြည့်၍ နားသောတဆင်ခဲ့ရပေါင်း များလှပါလေပြီ။ များဆို၊ ဝတ္ထုများပင်ဖွဲ့၍ ရလောက်ပြီကိုး။

ကျွန်တော် သူ့ကို စတင် တွေ့ရှိချိန်က သူ့မှာ ရောဂါနှစ်မျိုး ရှိနေသည်။ တစ်မျိုးမှာ အဆုတ်ရောဂါ နာတာရှည်မှတစ်ဆင့် နှလုံးရောဂါပါ ကူးစက်ခံနေရသည့် 'အိန်ဆင်မင်ဂျာရောဂါ' ဖြစ်၍ ခေတ်မီဆေးဝါးများဖြင့် ခွဲစိတ်ကုသပါက အတော်လေး ငွေကုန်ကြေးကျပြီးလျှင် ပျောက်ကင်းသွားမည် ထင်ပါ၏။ သို့ရာတွင် ထိုအတွင်းခန္ဓာရောဂါကို ကုသဖို့ အတူးတလည် လိုအပ်သည်က သူ၏ စိတ်အခြေအနေ ကောင်းမွန်ဖို့ ဖြစ်သည်။ သူ့စိတ်က အတော်ပင် ကစဥ့်ကလျား ဖြစ်၍နေလေပြီ။ အသပြာမှာလည်း မပြောပလောက်။

အဒေါ်ကြီးက ကျွန်တော့်ကို သူနှင့် ပတ်သက်၍ သိသမျှ ပြောပြသည်မှာလည်း ရေရေရာရာ မရှိလှ။

"ကလေးမလေးကို သင်္ဘောဆိပ်မှာ အဒေါ် ခဏခဏတွေ့တယ်၊ အဒေါ် တွေ့ခါစက ဒီလို မဟုတ်ဘူးကွဲ့၊ ဖြူဖြူသွယ်သွယ်နဲ့ တကယ့်ကို ချစ်စရာလေး၊ သူ့မျက်နှာလေးကို ကြည့်လိုက်ရင် ချိုနေတော့တာပဲ၊ နောက်တော့ ချုချာလာတယ် ထင်ပါရဲ့ ဆရာလေးရယ်၊ နောက်ဆုံး တွေ့တဲ့နေ့က ဆိုရင် အိတ်လေးတစ်လုံးနဲ့ ဘောတံတား လက်ရန်းလေးမှာ မှီပြီး အဖျားတွေ တက်နေတာ၊ လေကလည်း တိုက်တယ် မဟုတ်လား၊ အဲဒါနဲ့ အဒေါ် သနားပြီး ခေါ်လာတာပါ၊ အဒေါ်ကတော့ ဆရာလေး ကြည့်တတ် ပြုတတ်မယ် ထင်လို့ ခေါ်ခိုင်းတာပါ၊ ဟိုတစ်နေ့က သူ့သူငယ်ချင်းဆီ အဒေါ့်ကို လွှတ်လို့ ဟိုက ပိုက်ဆံ သုံးသောင်း အဒေါ့်ကို ပေးလိုက်တယ်"

"နာမည် ဘယ်လို ခေါ်သလဲ အဒေါ်"

mgyoe.com

mgyoe.com SAMPLE BOOK

"အဒေါ်လား… သြော် သူ့နာမည်လား၊ ကြည်မာ… တဲ့၊ ကလေးမ ဆရာဝန် ရောက်နေပြီ"

အဒေါ်ကြီးက အိပ်နေတဲ့ သူ့ကို တစ်ချက် လှုပ်နှိုးပြီး ပြောပါသည်။

"အဲဒီအတိုင်းပါပဲ ဆရာလေးရယ်၊ ညကတော့ ချောင်းတွေ အတော်ဆိုးလို့ ကွမ်းရွက်ပြုတ်ရည် တိုက်ထားတယ်၊ ဘာမှလည်း မစားဘူး၊ ဘာမှလည်း ကျွေးလို့ မရဘူး၊ တကယ်ပဲ"

"ရေနွေး ရှိလား အဒေါ်"

"အေး အေး… နောက်မှာ ရှိတယ်၊ ခဏလေး သွားယူလိုက်ဦးမယ်"

ကျွန်တော် သူ့ကို ကိုယ်ပူချိန်တိုင်းပြီး သွေးပေါင်ချိန် ကြည့်ပါသည်။ နားကြပ်နဲ့ စမ်းသပ်ကြည့်ပါသည်။ သူ့အခြေအနေသည် အဒေါ်ကြီး ပြောခဲ့သလိုပင် ယခုမှ ကောက်ကာငင်ခါ ဖျားနာသူမျိုး မဟုတ်။ ရောဂါဝေဒနာကို ကာလကြာစွာ ကိန်းအောင်းထားသည်မို့ မြင်ရုံဖြင့်ပင် ဝေဒနာရှင်ဟု တပ်အပ်သိသာနေပါပြီ။ ကျွန်တော့်အဖို့ ဤသို့သော လူနာနှင့် တွေ့ချိန်တွင် ပျာယီးပျာယာ မဖြစ်တော့။ ကျွန်တော် မျက်မြင် သုံးသပ်ချက်အရ နည်းလမ်းနှစ်ခုသာ ရှိသည်မို့ ပွင့်ပွင့်လင်းလင်းပင် မေးရပါတော့မည်။

"ညီမ… ဆေးစစ်ဖူးလား"

သူ ခေါင်းညိတ်သည်။

"ဆရာဝန်က ဘာပြောလဲ"

"အချိန်ယူရမယ်တဲ့ ဆရာ၊ ပြီးတော့…"

"ဆေးရုံတက်ပါလား"

"ဟင့်အင်း… ဆရာ၊ တက်လို့လည်း…"

"အစာတော့ စားမှ ဖြစ်မယ်"

"ကျွန်မ ဘာမှ မစားချင်ဘူး ဆရာ"

ကျွန်တော် သူ့ကို မနုသတ္တဘာဝေါ ဒုလ္လဘောတရားကို ဟောရဦးမည်လား။ ဆရာဝန်တစ်ယောက် ပြုကျင့်ရမည့် ပရမတ္တတရားသည် မည်မျှ နက်ရှိုင်းသည် ဆိုစေကာမူ ရောဂါကို တွန်းလှန်ချေဖျက်ဖို့အတွက် စိတ်တစ်ခု တည်းနှင့် မလုံလောက်ပါ။ အခြေအနေကို သိနေရသည့် ယခုလို အချိန်မျိုးတွင် ဒုလ္လဘတရားထက် လူမမာ စိတ်ချမ်းသာသလို လိုက်လျောရဖို့မှာလည်း ကျွန်တော့်တာဝန် ဖြစ်ပါသည်။

mgyoe.com

"ဆရာ ဆေးထိုးပေးခဲ့မယ်၊ သောက်ဆေးတော့ သောက်ပေါ့ကွာ နော်"

ကျွန်တော် သူ့ကို တစ်ဆင့်တိုး၍ ညှိကြည့်သည်။

"ရပါတယ် ဆရာရယ်၊ ကျွန်မ ဒီလို နေလာတာ ကြာပါပြီ"

"မဟုတ်သေးဘူးလေကွယ်၊ မင်း နေတတ်ပေမယ့် ဟိုအဒေါ်ကြီး ခမျာ မင်းကို စိတ်ပူနေတာ၊ သက်သာအောင်တော့ နေသင့်တာပေါ့"

"ဆရာ..."

"... ..."

"ဆရာ့မှာ 'လွမ်းမောခဲ့ရသော တက္ကသိုလ် နွေညများ' ဝတ္ထု ရှိလားဟင်၊ ဆရာမြသန်းတင့် စာအုပ်လေ"

"ဘယ်ရှိမလဲကွယ်"

"ကျွန်မ ဖတ်ချင်လို့"

"အိုး.. ဟိုး ဟိုး၊ မင်း စာဖတ်လို့ မဖြစ်သေးဘူး၊ အနားယူရဦးမယ်"

"ဆရာရယ်... ကျွန်မကို ရှာပေးပါ"

"မင်း ဆေးသောက်မှာလား"

"ဟုတ်"

"အေး အေး..၊ မနက်ဖြန် ဆရာ ဝယ်လာခဲ့မယ်၊ ဒါပေမဲ့ တစ်နေ့ ၅ မျက်နှာလောက်ပဲ ဖတ်ရမယ်၊ ကဲ... ဆေးထိုးရအောင်"

ကျွန်တော်၏ ပဏာမ ဆေးကုသမှု အောင်မြင်ခဲ့ပါသည်။ ကျွန်တော့်အဖို့ ခိုကိုးရာမဲ့သော ဝေဒနာရှင်များနှင့် တွေ့လေတိုင်း သူ့အလို၊ ကိုယ့်အလို မျှတစွာ ညှိနှိုင်း၍ ဆေးကုသရသော ပညာအား ပြည်သူပြည်သားများကြားမှပင် ရှာဖွေနိုင်ခဲ့ပါပြီ။ သို့ဖြစ်လျှင် ဝေဒနာသည်များ အလျှင်း ပျောက်ကင်းသွားပါသလား။ မဟုတ်ပါ။ ရောဂါကို ကျွန်တော် ဖန်တီးခဲ့သည် မဟုတ်။ ကြုံသမျှ ရောဂါဝေဒနာအား မုချမသွေ ပျောက်ကင်းအောင် စွမ်းဆောင်နိုင်သည့် ဆရာဝန်မျိုးလည်း ကျွန်တော် ပညာမပြည့်။ လွယ်လွယ် ပြောရလျှင် သေမင်းသည် ကျွန်တော့်မိတ်ဆွေ မဟုတ်။ ရန်သူလည်း မဟုတ်။ ဆိုရလျှင် ကျွန်တော်သည် ကျေးလက်ဆရာဝန်မျှသာ ဖြစ်သည်။ ကျွန်တော့်နေရာတွင် ရောက်ရှိနေလျှင် မည်သည့်ဆရာဝန်မဆို ကိုယ် တတ်ကျွမ်းသည်ထက် ပိုမိုနေသော ရောဂါကို တွေ့သည့်အခါ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများကို

mgyoe.com

mgyoe.com SAMPLE BOOK

ညွှန်ကြားရုံသာ ရှိမည်။ ပျောက်စေသတည်းဟု အံခဲကာ ကုနေ၍ မရ။ ဆရာဝန်မှာ ပညာအဆင့် ရှိသလို ရောဂါမှာလည်း အဆင့်ရှိသည်သာ။ ကျွန်တော် နိုင်သမျှကိုတော့ မညည်းမညူ ကုပေးနေမြဲပင်။ ယခုပင် ကြည့်ပါလေ။

သူက ဝတ္ထုတစ်အုပ် ရှာခိုင်းနေသည်။ သူ့ရောဂါနှင့် ဘာဆိုင်သနည်း။ သို့ရာတွင် ကျွန်တော် လိုက်လျောရဦးမည်။ လူမမာ၏ အလိုကို လိုက်မှ လူမမာက ယုံကြည်ကိုးစားမည်။ ဝေဒနာကို သူတစ်ဦးတည်း မျိုသိပ်မထားတော့ဘဲ ဆရာဝန်အား ဖွင့်ဟလာမည်။ သို့မှသာ ကုသရသည်မှာ အကျိုးများမည်။

သီးခြားဝန်ခံစရာ ရှိသည်ကား ကျွန်တော့်အဖို့ သူ့လို ရောဂါလက္ခဏာရှင်မျိုးနှင့် တွေ့သည့်အခါ ထိုရောဂါလက္ခဏာကို စိတ်ဝင်စားမှု အတော်ရှိသည်ဟု ဝန်ခံပါရစေ။ ဤသည်မှာ ပညာပိုင်းဆိုင်ရာ ကိစ္စ ဖြစ်ပါသည်။ ဤအပြုအမူသည် လူမဆန်ဟု ယူဆကြမည်လား။ ကျွန်တော်တို့အဖို့ စာအုပ်များကြားမှ တစ်ဆင့် လက်တွေ့ကုသရသည့် နယ်ပယ်တွင် ဤသို့သော ရောဂါလက္ခဏာရှင်များနှင့် ထိပ်တိုက်တိုးပြီးပါမှ ယင်းရောဂါ၏ သဘောသဘာဝကို ကျွမ်းကျင်ပါတော့သည်။ သူသည် သေကောင်ပေါင်းလဲ မဖြစ်ရုံတစ်မည်သာ ရှိတော့၏။ ရောဂါက သူ့ကို ဗိုလ်ကျစိုးမိုးနေပြီ။ သူ၏ အဆုတ်၊ အသည်း၊ နှလုံး၊ ကျောက်ကပ်နှင့် သွေးလည်ပတ်မှုများကို ကျွန်တော် ကျကျနန လေ့လာထားရမည်။ ဤလုပ်ရပ်မှာ ဆရာဝန်နှင့် ရောဂါတို့၏ ပဋိပက္ခ ဖြစ်ပါသည်။ လူနှင့်လူချင်းအတွက်ကိုတော့ သူသည် ကျွန်တော့်လူမမာ ဖြစ်လာရုံဖြင့်ပင် ကျွန်တော့်မှာ တာဝန်ဝတ္တရားအရရော၊ စိတ်နှလုံးသားကပါ သက်သာစေလိုသည်မှာ အမှန်ပင်။

ညနေပိုင်းတွင် ကျွန်တော် သူ့ဆီ တစ်ခေါက် ရောက်ခဲ့သည်။ အဒေါ်ကြီးက ဝမ်းသာအားရပင် နှုတ်ခွန်းဆက်ပါတော့သည်။

"ဆန်ပြုတ်တိုက်တာ ထပ်တောင်းတယ် ဆရာလေး၊ ဆေးလည်း သောက်တယ်၊ အဒေါ်က သူ မသောက်မှာစိုးလို့၊ ရှေ့မှာတင် သောက်ခိုင်းတာပေါ့၊ သောက်ပြီး အိပ်နေလိုက်တာ စောစောကပဲ နိုးတယ်၊ အဒေါ် သူ့ကို ဘာကျွေးရမလဲ ဆရာလေး"

"ဆရာ... ကျွန်မ ရေချိုးချင်တယ်"

"ဟုတ်လား၊ နေဦးလေ၊ အဖျား ရှိ မရှိ ဆရာ ကြည့်ဦးမယ်၊ ဖျားနေရင်တော့"

mgyoe.com


ကျွန်တော်က ဆေးအိတ်ထဲမှ ပြဒါးတိုင်ကို ထုတ်ပြီး သူ့လျှာအောက်ထည့်ပေးဖို့ ပြင်ပါသည်။ သူက ရေချိုးချင်တယ်လို့ ထပ်ပြောပြီး ပြဒါးတိုင်ကို ငုံလိုက်သည်။ သွေးပေါင်ချိန်ဖို့ ကျွန်တော် ပြင်ပြီးမှ ကျွန်တော် သူ့အတွက် ယူလာတဲ့ ဝတ္ထုကို အရင်ပြလိုက်သည်။ သူ ကြည်နူးဝမ်းသာသွားတဲ့အတွက် မျက်လုံးလေး ဝန်းလဲ့ပြီး စာအုပ်ကို တောင်းပါတော့သည်။

"နေဦးလေ… ဆေးမှန်မှန် သောက်မှနော်"

သူ ခေါင်းညိတ်ပါသည်။

"ပြီးတော့… နေ့လယ်ပိုင်းမှာပဲ ခဏတစ်ဖြုတ် ဖတ်ရမယ်၊ ပြီးရင် အိပ်ရေးဝအောင် အိပ်၊ ဟုတ်ပြီလား"

သူ ခေါင်းထပ်ညိတ်ပါသည်။

ကျွန်တော် သူ့ကို ဆေးထိုးပေးပြီး သည့်နောက် သူက ကျွန်တော့်ကို ဤဝတ္ထု ဖတ်ဖူးသလားဟု မေးလာပြန်၏။ ကျွန်တော် မဖတ်ဖူးကြောင်း ပြောလိုက်သဖြင့်…

"ဆရာ အရင် ဖတ်လေ၊ ကျွန်မ နောက်မှ ဖတ်တော့မယ်"

"ဟာ… ဆရာ မအားပါဘူး၊ မင်းပဲ ဖတ်ပါ"

"ကြည်မာပါ ဆရာရဲ့၊ ကြည်မာလို့ပဲ ခေါ်ပါ၊ ဆရာကလည်း မင်း မင်း…နဲ့"

"အံမယ်… ငါ ခေါ်ချင်သလို ခေါ်မှာပေါ့ဟ၊ ငါ့မှာ စာအုပ်ဖတ်ဖို့လည်း မအားပါဘူးဟာ"

"ဖတ်ကြည့်ပါ ဆရာရဲ့၊ အရမ်းကောင်းလို့ပါ၊ ရယ်ရတာလည်း တအားပဲ"

"တက္ကသိုလ်အကြောင်းတွေလား"

"အစုံပဲ ဆရာ၊ ကျောင်းသားဘဝကနေ ဟိုးလူကြီးတွေ ဖြစ်တဲ့အထိ၊ သိပ်ကောင်းတာပဲ၊ ကြည်မာ တကယ်ပြောတာ၊ ဘာသာပြန်ထဲမှာ ဒီဆရာကို အကြိုက်ဆုံးပဲ"

"မင်းက စာတော်တော် ဖတ်သလား"

"ဖတ်တယ်၊ ငယ်ငယ်လေးကတည်းက ဖတ်တာ"

"မင်းက ဘာလူမျိုးလဲ"

"မြန်မာပါ ဆရာရဲ့၊ အညာဘက်ကပါ"

mgyoe.com

 mgyoe.com SAMPLE BOOK 

"မိဘတွေရော"

"…. …"

"ဟော့… မိဘတွေရောလို့"

"…. …"

"ဆရာ အဲဒါ မကြိုက်တာဘဲ၊ မိဘဆိုတာ ဘယ်သားသမီးကိုမဆို ချစ်တာပဲ၊ အခု ဒီက အဒေါ်ကြီးကို ကြည့်ပါလား၊ မင်းကို သူ့သမီးလေးအရွယ် ဆိုပြီး ချစ်နေရှာတာ"

"ဆရာရယ်… ကြည်မာ အဲဒါတွေ မပြောပါရစေနဲ့၊ အမေက ကြည်မာ့ကို သိပ်ချစ်တာ၊ ချစ်တာမှ သိပ်ချစ်တာ၊ အမေ့ကို စိတ်မဆင်းရဲစေချင်ဘူး၊ စာတွေ လိမ်ပြီး ထည့်တာပဲ၊ အခု ကြည်မာ နိုင်ငံခြား သွားတယ်လို့ လိမ်ထားတာ၊ ကြည်မာ…"

"ဟဲ့ ဟဲ့… ဘာလို့ ငိုတာလဲ"

"ကြည်မာ ငိုချင်တာ ကြာပြီ၊ အရမ်းကို ငိုချင်နေတာ၊ လူတွေက ကြည်မာ့ကို တွေ့ရင် အမေတို့ကို မေးတော့တာပဲ၊ ကိုယ်ချင်းမှ မစာကြတာ"

သူ ငိုသည်။ ကြည်မာ ငိုနေသည်။

"ဟောဗျာ… ဘယ်နှယ့် ကိုယ်ချင်းမစာရမှာတုံး၊ မင်း… ဆောရီး ကွာ၊ ကြည်မာတို့ကို မိဘ မျက်စိအောက်မှာ ရှိစေချင်လို့ပါ၊ ဆရာလည်း မိဘတွေကို သတိရရင် ပြန်တာပဲ၊ ဆရာဆို အသက် သုံးဆယ်ကျော်ပြီ၊ မိဘကို လွမ်းရင်ပြန်တာပဲ"

"ဆရာက ဘာမှမသိဘဲ လျှောက်ပြောနေတယ်၊ ဆရာက ဆရာဝန် ကိုး၊ အိမ်ပြန်လို့ ရတာပေါ့၊ ကြည်မာတို့က လမ်းဘေး…"

"တော်တော့ ကြည်မာ… ဒီလူတန်းစား ကိစ္စတွေ ဆရာ မကြားချင် ဘူး၊ ကြည်မာ့ကို ဆရာ အထင်မသေးဘူး၊ လူနာနဲ့ ဆရာဝန် လူလူချင်း ရင်းနှီးလို့ ဆရာ ပြောကြည့်တာ၊ ကြည်မာ မကြိုက်ရင် မပြောရုံဘဲ ရှိတယ်"

"လူလူချင်းလား… ဆရာ၊ ဆရာနဲ့ ကြည်မာဟာ လူလူချင်းလား၊ ဟွန်း…."

ကြည်မာက မျက်ရည်ဖြင့် မဲ့သည်။ စကားဆုံးသည်နှင့် ခေါင်းကို ဆတ်ခနဲ မော့လိုက်ပြန်သေး၏။ ပြီးတော့ မျက်နှာလွှဲပြီး ခေါင်းအုံးမှ လွတ်ရန် ရွှေ့လိုက်သည်။

mgyoe.com

''ကြည်မာဟာ လူ့ မဟုတ်တော့ပါဘူး ဆရာရယ်၊ လူမဟုတ်တာ ကြာခဲ့ပါပြီ''

ဝတ္ထုထဲ၌သာ ပါတတ်သော စကားဆန်းများမို့ ကျွန်တော် သူ့ကို နည်းနည်းတော့ အထင်ကြီးသွားမိသည်။ သူသည် သာမန် မိန်းကလေး မဟုတ်သည်ကို ရိပ်မိလိုက်သည်။

''ကဲပါ... ကြည်မာရယ်... ဒါတွေ နောက်တော့ ဆွေးနွေးတာပေါ့၊ ဆရာ သွားရဦးမယ်''

''ဟင်း... ဆရာလည်း လူထဲက လူပါပဲလေ''

''ဟောဗျာ... ဆရာ့မှာ တာဝန်တွေနဲ့ကွ၊ ပြီးတော့...''

''အင်းလေ... ကြည်မာ ဘာပြောလို့လဲ၊ ဆရာတို့ လူတွေဟာ လူ အလုပ် လုပ်ကြရတာပဲ၊ သွားပေါ့၊ ဟုတ်ဘူးလား''

''မရွဲ့စမ်းနဲ့ကွာ''

ကျွန်တော်က ဆေးကိရိယာများ သိမ်းဆည်းပြီး ခွာဖို့ ဟန်ပြင်သည်။

''ဆရာရယ်... ခဏလေး စကားပြောချင်လို့ပါ''

ခက်ပြီ... ဟု ကျွန်တော် တွေးလိုက်သည့်တိုင် ထွက်ခွာမရပြီမို့ ကဲ... ပြောတော့ပေ့ါဟု အစချီပေးလိုက်ရတော့သည်။

''ကြည်မာ့ကို တစ်ခါတည်း သေဆေး ထိုးပေးပါလား ဆရာ''

''ထိုးစံမှ မရှိတာ''

''ဆရာက သိပ်လူပီသချင်တာကိုး''

''ဘာဆိုင်လို့လဲ ကြည်မာရယ်၊ မင်း ဆရာ့နေရာမှာဆိုရင် လုပ်ပါ့မလား''

''ကြည်မာ သေချင်လို့''

''မိဘကို မရှာကျွေးတော့ဘူးလား''

''ကြည်မာ လူပြန်ဖြစ်ချင်တယ်၊ ကြည်မာလေ... ဘုရားမှာ ဆုတောင်းတိုင်း လူပြန်ဖြစ်ရပါစေ၏လို့ ဆုတောင်းတယ်၊ ပြီးတော့ ခွေးရှင်ပဲ ဖြစ်ချင်တယ်၊ ဒါ တကယ်တော့ ဘယ်ခေတ်ပဲဖြစ်ဖြစ် ခွေးရှင်တွေဟာ စားသာတာချည်းပဲ၊ ကြည်မာတို့က အစားခံတွေပါ၊ ဒီမှာလေ ဆရာ၊ ကြည်မာ အခု ကျနေတဲ့ မျက်ရည်တွေ၊ ရင်ထဲက ဝေဒနာတွေ၊ ပေးဆပ်လိုက်ရတဲ့ သွေးသားဆန္ဒတွေ အတွက် စည်းစိမ်ရှင်တွေက သာခု ခေါ်ကြတယ်လို့ ထင်လား၊ နတ် လူ သာခု ခေါ်ကြသလား၊ ကြည်မာ သိပ်စိတ်နာတာပဲ သိလား၊ ကန်တော့ပါရဲ့...''

mgyoe.com

ငိုပြန်လေပြီ တစ်ချို့ ရှိုက်သံပြင်းပြင်းတို့ ထွက်လာပါပြီ။ ကျွန်တော် ဦးစွာ တင်ပြခဲ့သလိုပင်။ သူ၏ ဒုတိယဝေဒနာ ဖြစ်သော စိတ်ရောဂါပိုင်းကို ဘယ်လို ကုရမည်နည်း။ ဆေးဝါးဖြင့် မတတ်နိုင်သော်ငြား နှစ်သိမ့်မှုတော့ ပေးရချေဦးမည်။

"ဟုတ်တယ်ကွာ၊ ကြည်မာ့လိုပဲ ဆရာလည်း ခနရှင် ဖြစ်ချင်တယ်၊ ခနရှင် ဖြစ်ရင်…"

ကျွန်တော် ဘာဆက်ပြောရမှန်း မသိ။ ကြည်မာက သိလေ၏။

"ကြည်မာတို့လို အနုတ်စုတ်ကုပ်စုတ်တွေနဲ့ မတွေ့အောင် ရှောင်ပေါ့"

"ပေါက်ကရဟာ…"

ကြည်မာ၏ စကားလုံး ရွေးချယ်တတ်မှုကို ကျွန်တော် လန့်သွားသည်။ အင်း… တကယ်တော့ စိတ်ဝေဒနာသည်ကို ကျွန်တော် မကိုင်တွယ်တတ်သေး။

"ဖြစ်ခါစက ကြည်မာ ဆရာဝန်ကြီးတွေနဲ့ ပြသားပဲ၊ သူတို့က သူတို့ဆေးခန်းကိုချည်း ချိန်းနေတာ၊ ကြည်မာဖြင့် သေသာသွားလိုက်ချင်တော့တယ်၊ လူဖြစ်ကျိုးမနပ်ပါဘူး ဆရာရယ်၊ အရင်ကတော့ ဒါမျိုး လာကြောလို့ ဘယ်ရမလဲ၊ တွေ့သမျှ လူတိုင်း ကြည်မာ့အလိုကို လိုက်ရတာလေ၊ ကြည်မာတို့ ဘုန်းမီးနေလ ထွန်းပချိန်ကများ ဆရာ တွေ့စေချင်တယ်၊ ဘယ်ကား စီးချင်လဲ၊ ဘာစားချင်သလဲ၊ ဘယ်သွားချင်လဲ၊ ရသမှ သိပ်ရလွန်းလို့၊ ရ ရ ရ ရ…တောင် မြည်သေးတယ်၊ တော်ရုံတန်ရုံ လူကိုတော့ ကြည်မာ စားပစ်လိုက်တာပဲ၊ ဟွန်း…"

ဟော… သူ ပြုံးနေပြန်ပြီ။

"ကြည်မာ ကြွားတာ မဟုတ်ဘူး ဆရာ၊ တကယ် တကယ် ပြောတာ၊ ဆရာ… ဆရာ့ကို ကြည်မာ့အကြောင်း ပြောပြမယ်၊ နော်"

"အေးလေ… ပြောပါ၊ နားထောင်ပေးနေတယ်လေဟာ"

"ဟင့်အင်း… ဆရာ့ကို မေးခွန်းတစ်ခု မေးဦးမယ်"

"ဒုက္ခ… ဒုက္ခ"

"မရဘူး မရဘူး၊ ဆရာ ဖြေရမယ်၊ ဖြေကို ဖြေရမယ်၊ ဒါပဲ… လူလူချင်း ချစ်တယ်ဆိုတာ ဆရာ ယုံလား"

"ယုံတာပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

"ဆရာ မှားပြီ၊ လုံးဝကို လုံးဝကို မှားပြီ၊ အမယ်လေး… ကျွန်မမှာလည်း ကလေးနဲ့… ရှင့်မှာလည်း အကြွေးနဲ့ မှားပါတယ် ကိုသောင်းရယ် ဆိုတာ တကယ်ပဲ၊ လူလူချင်း ချစ်တယ်ဆိုတာ ရှိမှ မရှိဘဲ ဆရာရယ်၊ ကဲ… ဆရာ ကျွန်မကို ချစ်လို့လား၊ ကဲ…"

"ဆရာ ချစ်တာပေါ့၊ ချစ်လို့ ကြည်မာ့ကို လာကူပေးတာပေါ့"

"ညာတယ်၊ ဆရာ ညာပြီ၊ ဒါမျိုးတွေ ရိုးပါ့၊ ဟင်း ဟင်း…"

"ဆရာက ဘာလို့ ညာရမှာလဲ၊ ကြည်မာ့ကို ညာလို့ ဘာရမှာလဲ၊ ဆရာ့လူနာတွေကို ဆရာ ချစ်တာချည်းပဲ၊ ကြည်မာသာ…"

ကျွန်တော် မှားသွားပြီကို သိလိုက်ပြီ။ ဤကလေးမသည် ဤမျှ မအ။ ကျွန်တော် မှားသည့်အချက်ကို ဆတ်ခနဲ ဆွဲယူကာ ပြောချပါတော့သည်။

"တွေ့ပြီလား… ဆရာ ဝန်ခံပြီ မဟုတ်လား၊ ဒါ လူလူချင်း ချစ်တာမှ မဟုတ်တာ၊ ဆရာ့လူနာ ဖြစ်လို့ ဆရာ ချစ်တာ၊ လူလူချင်း ချစ်တာ မဟုတ်ဘူး၊ ကြည်မာ သိသားပဲ"

"ကျွတ်… မင်း ခက်တာပဲ"

"လူတိုင်း အဲဒီလိုပဲ ကြည်မာ့ကို ပြောတယ်"

"ကြည်မာက ခက်အောင် လုပ်တာကိုး၊ ပြီးတော့ လူတွေကို ကြည်မာ မုန်းနေတယ်၊ ဒါကြောင့် ဆရာ့ကိုလည်း ကြည်မာ မုန်းနေတယ်၊ ဆရာ ဘယ်လို ပြောပြော အကောင်းမထင်ဘူး၊ ဆရာ့ဘက်ကလည်း ကြည်မာ့ကို မေးမယ်ဆိုရင် မေးလို့ရတာပဲ၊ လူလူချင်း ဘာလို့ မုန်းတာလဲလို့ မေးလို့ ရတာပဲ၊ လူတွေဟာ လူတွေပါပဲ ကြည်မာရယ်၊ ဘာလို့မုန်းရမှာလဲ"

"ဒါကတော့ ဆရာရေ… ခံရတဲ့လူက နှံခဲ့တဲ့ လူတွေကို မုန်းကြေးပဲ"

"အလိုဗျာ… ဆရာက ကြည်မာ့ကို ဘာနှံခဲ့လို့တုံး"

"သဘော ပြောတာပါ၊ သဘော ပြောတာပါ၊ လူတွေဟာ သာရင် နှံ့ပစ်လိုက်ကြတာပဲ ဆရာရေ…"

"ပြီးတော့ ခံရရော မဟုတ်လား"

"ဒါတော့ ဘယ်တတ်နိုင်မလဲ"

"အင်း… ဟုတ်ပါ့၊ ဟုတ်ပါ့"

စာဖတ်ပရိသတ်ကြီးကို အားတော့နာပါသည်။ ကျွန်တော် တင်ပြနေပုံများ၏ 'ဏ်၊ သည်၊ မလွဲ' ဝါကျများကြောင့် ဆိုလိုချင်သမျှ ခရီးမပေါက်တော့

mgyoe.com

mgyee.com SAMPLE BOOK

ဟု ထင်ပါသည်။ ကျွန်တော်နှင့် ကြည်မာတို့ စကားအများကြီး ပြောဖြစ်ခဲ့ကြသည်။ သူ မဆုံးခင်အထိ သူ့ဘဝအကြောင်းများ စီကာပတ်ကုံး ပြောခဲ့သည်။ ကျွန်တော်နှင့် အသောအထေ့လေးများ ပြောကြသည်လည်း ရှိ၏။ ထားကြပါစို့။

ကျွန်တော် သိစေလိုသည်မှာ ကြည်မာနှင့်တကွ တခြား တခြားသော မိန်းမရွယ်လေးများအား မြို့တော် ရန်ကုန်ကြီးမှ နမ်းလွှတ်လိုက်သည့် ဖြစ်ရပ်အစုကို ဖြစ်သည်။ ဤဖြစ်ရပ်များသည် မျက်မှောက်ခေတ်တွင် တရစပ် မနားမနေ ဖြတ်သန်းနေသည်။ ရပ်၍မသွား။ ကြည်မာပေါင်း မြောက်မြားစွာ မြို့တော်မှာ လွင့်မျောနေသည်။ ဆန်းလှသည်တော့ မဟုတ်။ သို့သော် ကျွန်တော်က အဆန်းလုပ်၍ စာဖွဲ့ပြချင်သည်။ ကျွန်တော် ဤသို့ဤပုံ ဖြတ်သန်းနေရသည်ကို မှတ်တမ်းတင်ထားခဲ့ချင်သည်။ ဒါလည်း ဘာမှ မဆန်း။ လူဖြစ်၍ လူအကြောင်း ရေးပြခြင်းသက်သက်ပင်။ မည်သူ့ကိုမျှ သာစေ၊ နာစေ မညွှန်းပါ။ မရည်ရွယ်ပါ။ ဘဝင်မကျသည်မှာတော့ အမှန်ပင်။ ဖြစ်နိုင်လျှင် ထိုဖြစ်ရပ်များ ပြီးပါစေတော့ဟု ဆန္ဒရှိ၏။ စာဖတ်သူများ ဆန္ဒကိုတော့ နောက်မှသာ ကျွန်တော် သိတော့မည်။

ယခု… ကြည်မာ၏ ဘဝကို ကြည့်ကြပါစို့။

ဇာခြင်ထောင်လေး တစ်လုံးအတွက် မြို့တော်သို့ သူ ရောက်လာခဲ့သည် ဆိုလျှင်… ။

□

ဆင်းရဲခြင်းဟာ အရာရာ ဆိတ်သုဉ်းတယ် ဆိုတဲ့ စကားကို ကျွန်မအသက် ၁၂ နှစ်သမီးမှာ စပြီး ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီတုန်းက အထက်အညာဒေသ တစ်ခုလုံး ၃ နှစ်နီးပါး မိုးတွေခေါင်ပြီး လူမပြောနဲ့၊ နွားတောင် စားစရာ မရှိလို့ ကျွန်မရယ်၊ အမေရယ် နွားစာရှာကြရတာ၊ ဘာပြောကောင်းမလဲ… ၄ ရက်နဲ့ ၄ ညလုံးလုံး သွားရ ပြန်ရနဲ့ ဒုက္ခရောက်ပါလေရော။ နွားစာလေး တစ်ထုံး ရဖို့ ထမင်းတောင်းထဲ အိုးခွက် ပန်းကန်တွေ ထည့်၊ ဆန်၊ ပြောင်းနဲ့ ပဲနံ ထည့်ပြီး နွားစာထွက်ရှာကြရပါတယ်။

အဲဒီလို ထွက်ရှာရင်းကပဲ နွားမဒန်းလေးဟာ ဇာတ်သိမ်းခဲ့ပါလေရော။ အမေဖြင့် ငိုလိုက်တာ၊ ဒါဟာ သူ့ဘဝရဲ့ ရတနာကိုး။ ကျွန်မဘဝရဲ့

mgyoe.com SAMPLE BOOK

ရတာနာဆိုလည်း ဟုတ်ပါတယ်။ မုဆိုးမ သားအမိ ဖြစ်တာမို့ နွားလေးတစ်ကောင် ခြံထဲ ရှိနေရင် လူရှိသေ၊ ရှင်ရှိသေ ဖြစ်တာပေါ့။ အညာဆိုတာ နွားမရှိရင် လူရာမဝင်ဘူး မဟုတ်လား။ ပိုဆိုးတာက အမေဟာ တောင်ယာအလုပ်ကို မလုပ်ချင်ဘူး။ ဈေးကြီးမှာ ဈေးလိုက်ရောင်းပြီး ရပ်တည်ခဲ့တာပါ။ အမေက ငယ်ငယ်ကတည်းက ဈေးနဲ့ ဖက်ပြီး ကြီးလာရှာတာပါ။ ဈေးရောင်းဈေးဝယ်ပဲ လုပ်တတ်တယ်။ ကျွန်မကိုလည်း တောင်ယာအလုပ်တွေ လိုက်မလုပ်ခိုင်းဘူး။ ကျွန်မဟာလေ ငယ်ငယ်လေးကတည်းက ဆရာတော်ဘုရား ဟောထားတယ်တဲ့။ မြို့ကြီးပြကြီးမှာ ကြီးပွားမှာတဲ့။ တောစိတ် တောင်စိတ် မသွင်းနဲ့တဲ့။ သူဌေးကတော် ဖြစ်မှာတဲ့။

သိတယ် မဟုတ်လား။ ကျွန်မတို့ မြန်မာမိခင်တွေဟာ ကိုယ့်သားသမီးရဲ့ ကံဇာတာကို တွေးတွေးပြီး ကြည်နူးတတ်ကြတယ်လေ။ ကျွန်မကလည်း လူမှန်း သိတတ်ကတည်းက လှချင် ပချင်လွန်းပါရဲ့လေ။ ကျွန်မ ပူဆာသမျှ အမေက ဝယ်ပေးတဲ့အပြင်ကျွန်မ မလှမပ နေရင် မကြိုက်ဘူး။ တအားဆူတာပဲ။ ဘေးလူတွေက ပြောသေးတယ်။ ဦးဖိုးကျားရဲ့ မင်းကတော် ဖြစ်မယ်နော်တဲ့။ ကျွန်မကို အမေက ယုံတယ်။ ကျွန်မဟာ ဘဝမေ့တဲ့လူ၊ မိဘကို မသိတတ်တဲ့လူမှ မဟုတ်တာ။ အမေ ဆင်းဆင်းရဲရဲ ဈေးရောင်းနေတာ မြင်တော့ ကျွန်မ ညတိုင်း အမေ့ကို နင်းပေးတယ်၊ နှိပ်ပေးတယ်။ အမေ့အတွက် နွားနို့ခဲတွေ ပေါင်းပေးတယ်။ အိမ်အလုပ်လည်း လုပ်တာပဲ။ မယ်သုံ့လို အဖြစ်မခံနိုင်ပါဘူး။ ဒါပေမဲ့ သူဌေးကတော်ဘဝကိုတော့ ဖြစ်ချင်သားပဲ။ ပြီးတော့ ကျွန်မကိုယ်တိုင်လည်း သူဌေးမ ဖြစ်ချင်တယ်လေ။

သူဌေးဆိုတဲ့ လူတွေဟာ ကျွန်မတို့ တိုင်းပြည်မှာ တကယ့်ပဒေသရာဇ်ပဲ မဟုတ်လား။ ဇာတ်ထဲက၊ ပြဇာတ်တွေ၊ ဗီဒီယိုတွေ၊ ရုပ်ရှင်တွေထဲမှာ ကြည့်ပါလား။ သူဌေးတွေ၊ သူဌေးမတွေဟာ သူ့ထက်ငါ မောက်မာပြတာတွေ… ကိုယ့်လက်အောက် အလုပ်သမားတွေကို ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်ခွင့် ရတာတွေ… စည်းကမ်း ဆိုပြီး မညှာမတာ လုပ်ပြတာတွေ… ။ ဒါတွေဟာ ပဒေသရာဇ်ခေတ်ကနေ အခုထိ ရှင်သန်နေတုန်းပါပဲ။ သူဌေးဆိုတာနဲ့ နားထဲမှာ ကြားရတာ တယ်ချိုတာကိုး။ သူဌေးဖြစ်ပြီဆိုတာနဲ့ ထိစပ်သမျှလူတွေက လေးစားရိုသေကြတော့တာပဲ။ လူလူချင်း သူ့ဟာသူ အလိုလိုကွာခြားနေတော့တာပဲ။ ကျွန်မတို့ ရွာမှာ နွားမအုပ်ကြီး ပိုင်တဲ့ ကျော်သန်းတို့

mgyoe.com

မိသားစုကို ကြည့်ပါလား။ ရွာလူကြီးက အစ သူတို့နဲ့ ငွေပေးငွေယူ မကောင်းလို့ ပြဿနာဖြစ်တိုင်း ဖြစ်တိုင်း ကျော်သန်းတို့ချည်း အသာရခဲ့တာပဲလေ။

ကျော်သန်း ဆိုတာ ကျွန်မ တမင်အမြင်ကတ်လို့ ခေါ်တာပါ။ သူက ကျွန်မထက် ၈ နှစ်လောက် ကြီးတယ်။ မြို့ကျောင်းမှာ ကျောင်းသွားတက်နိုင်သူပေါ့။ ကျောင်းပိတ်ရင် ရွာမှာ လာအနိုင်ကျင့်တော့တာပဲ။ ကျွန်မတို့ တစ်ရွာလုံးက သူ့ကို ကျော်သန်းလို့ပဲ ခေါ်တယ်။ ငရဲကြီးလည်း ကြီးရော့ပဲ။ အမြင်ကတ်လွန်းလို့ 'ကို'တွေ ဘာတွေ တပ်မခေါ်တော့ဘူး။ သူက အကျင့်မကောင်းဘူး။ ရုပ်က လည်း ခပ်ပွဲပွဲပါပဲ။ လူက အသားညိုညို၊ အရုပ်က ပုပြတ်ပြတ် ဖြစ်ရတဲ့အထဲ ရွှေဆွဲကြိုးကြီးနဲ့ ဆိုတော့ မြင်တာနဲ့ ရွာသားငပေါမှန်း သိနေတော့တာပဲ။ ကျွန်မက တစ်စက်မှ ကြည့်မရဘူး။ တစ်စက်ဆို တစ်စက်ကလေးမှ ကြည့်မရဘူး။

ကြည့်မရဘူး ဆိုတာကလည်း သူက ကျွန်မကို လာလာပိုးနေတာကိုး။ ကျွန်မကို မပိုးခင်က တင်နွဲ့ကို ပိုးသေးတယ်။ တင်နွဲ့အစ်မ ခင်ဝင်းကို လည်း ပိုးသေးတယ်။ သေနာက ပိုးသာ ပိုးတာပါ၊ အတည်ကြံဖို့ ပိုးတာ မဟုတ်ဘူး။ သူ မြို့ကို ပြန်တဲ့အခါ သည်တစ်ခေါက် ရွာပြန်တာ ဘယ်ကောင်မလေးကို ဘာလုပ်ခဲ့တယ်ဆိုတာ သွားကြွားချင်လို့ပါ။ ရွာမှာ သူ့လက်ချက်ကို ခံရဖူးသူတွေ ရှိတာကိုး။ ဘယ်တော့မှ အတည်မကြံဘူး။ သူတင်ပဲလား ဆိုတော့ သူ့အစ်မတွေ၊ သူ့အမေတွေက အစ ဒီရွာမှာ သူတို့လူနဲ့ တူတဲ့ တန်တဲ့ သူ မရှိဘူးလို့ အသံကောင်းဟစ်ကြတာကိုး။ ဘယ်ကောင်မနဲ့မှ မပေးစားနိုင်ဘူးတဲ့။ လက်ဝါးပဲ ရမယ်တဲ့၊ ချူစား နှပ်စားဖို့ မစဉ်းစားကြနဲ့တဲ့။ တောက ဟာတွေ မစဉ်းစားခိုင်းဘူးတဲ့လေ။

ကျွန်မ ပြောပြီးပါပကောလား။ ဆင်းရဲတဲ့အခါ အရာရာ ဆိတ်သုဉ်းတယ် ဆိုတဲ့ ဘုရားစကားလေ။ ဒါ မှန်တာပဲရှင့်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ မျက်မှန်းကျိုးပါတယ် ဆိုပါမှ၊ မနက် မိုးလင်းလို့ ကြက်တွန်ပြီ ဆိုကတည်းက ကျွန်မ သွားပတ်သက်နေရတော့တာကိုး။ အမေက သူတို့ အိမ်က နွားနို့သွားညှစ်ပြီး နွားနို့ခဲလုပ်၊ ဈေးမှာရောင်း၊ ပြီးရင် ငါးရက်ဈေးနေ့တိုင်း နွားနို့ဖိုး သွားရှင်းရတယ်။ ကျွန်မက နွားနို့ သွားသွားညှစ်ယူရပါတယ်။ နွားနို့ညှစ်ရုံတင်လား ဆိုတော့ မဟုတ်သေးဘူး။ တစ်ခါတလေ လက်တိုလက်တောင်း ခိုင်းတတ်သေးတယ်လေ။ ဒါကတော့ မြန်မာတွေရဲ့ ထုံးစံပဲ မဟုတ်လား။ သူ့ ကျေးဇူးလေး နည်းနည်းစွန်းပြီ ဆိုတာနဲ့ ကြိုက်ကြိုက် မကြိုက်ကြိုက် အလိုက်

mgyoe.com

mgyoe.com SAMPLE BOOK

သိရတဲ့ ကျွန်စိတ်က ပေါ်လာတော့တာပဲ။ အမေကအစ သူတို့ ခိုင်းရင် လုပ်ပေး လိုက်ပါတဲ့လေ။

အဲဒီလို လုပ်ပေးရင်း လုပ်ပေးရင်း ကျော်သန်းက သူ ရွာပြန်လာတဲ့ အခါ သူ့အဝတ်အစားကို ကျွန်မ လျှော်ပေးမှ ဝတ်မယ်ဆိုတာ ဖြစ်လာပါရော လား။ အမယ်လေး… သူ့အစ်မ၊ သူ့အမေတွေ လျှော်ဖွပ်ပေးရင် မဝတ်ချင်ဘူး လုပ်ပါလေရောရှင်။ ကျွန်မလည်း သူတို့ ပြောလာတော့ လျှော်ပေးရတော့တာ ပေါ့။ ဒါကို သေနာက အသားယူတယ်လေ။ သူ့အကြိုက်ကို သိသွားပဲတဲ့။ ကောင်မလေးကတော့ မဆိုးပါဘူးတဲ့။ ရုပ်ရည်လေးက မြို့သူ ရှုံးလောက်ပါ တယ်တဲ့။ သနားလိုက်တာတဲ့။ ကျွန်မက သိတာပေါ့။ ဘယ်နေ့ နွားစာတဲထဲ ဆွဲသွင်းခံရမလဲ ဆိုတာ သတိထားရပြီပေါ့။ သူက လက်သရမ်းတဲ့ နေရာမှာ လည်း နာမည်ကြီးတယ်လေ။ ရွာမှာ ရယ်စရာတောင် ပြောစမှတ် တွင်ကျန် သေးတယ်။ 'ကျော်သန်းရှေ့ နွားမဒန်း ကွေ့မလျှောက်နဲ့' တဲ့။ ဒါကြောင့် ကျွန်မမှာ သူ ရွာကို ပြန်လာပြီဆိုတိုင်း သူတို့အိမ်ကို ဝင်ထွက်ရတာ အတော့်ကို သတိ ကြီးကြီး ထားရပါတယ်။ နွားနို့ညှစ်ရင်း သူ့အရိပ်မြင်ရင် ကိုယ့်နောက်မှာ ရေပုံး ဖြစ်ဖြစ်၊ နို့ခံခွက်ဖြစ်ဖြစ် ချထားရတယ်။ မတော်လို့ နောက်ကနေ လက်သရမ်း သွားရင် ခက်မယ်လေ။ သူ့လက်နဲ့ အရှက်ဖြစ်ခဲ့ရတဲ့ မိန်းကလေးတွေ ရွာထဲမှာ များလှပြီဆိုတော့ အားလုံးက သတိပေးနေကြတာပေါ့။ ကျွန်မ အကြောက်ဆုံး ကတော့ သူတို့ အိမ်အပေါ်ထပ်က အနောက်ခန်းထဲ ဝင်ပြီး ကြက်သွန်နီ သွားနှိုက်ရတဲ့ အချိန်ပါပဲ။ အနောက်ခန်းတွေ ဆိုတာ အမြဲပဲ မှောင်နေတာပါ။ ဘယ်နေရာ ဘာထားတယ်ဆိုတာ သိနေကျလူမှ ဝင်ရ ထွက်ရတာ အဆင်ပြေ ပါတယ်။ အဲဒီထဲ သွားရတော့မယ်ဆိုရင် ကျွန်မတော့ သူ အပေါ်မှာ ရှိ၊ မရှိ ကြည့်ပြီးမှ တက်ဝံ့တယ်။ အမြဲတမ်းလိုလို ကြောက်နေရတော့ ကျွန်မ စိတ်က ဘာဖြစ်သွားတယ် မသိဘူး။ သူ့ကို ပြန်ဒုက္ခပေးချင်လာပါတော့တယ်။

သူ့ခြေလှမ်းကလည်း တစ်ခေါက်ထက် တစ်ခေါက် ပိုမိုစိပ်လာတယ် လေ။ ကျွန်မကလည်း တစ်နေ့တခြား လှလာတာကိုး။ ကျွန်မ လှတာကို လူတိုင်း ပြောကြတယ်။ အမေက အကဲဆုံးပေါ့။ တကယ်ကို လှတာပါအေတဲ့။ ကျွန်မက နဂိုကမှ အသားဖြူသူ ဆိုတော့ အရပ်လေးက ထွက်လာ၊ ဟိုဟာ ဒီဟာ ဖွံ့ဖြိုးလာ၊ အသက် ဆယ့်ငါးနှစ်ထဲ ဝင်လာပြီဆိုတော့ ကျော်သန်း တစ်ယောက် ခြေလှမ်း စိပ်လာတာ မဆန်းပါဘူးလေ။

mgyoe.com

mgyee.com

အဲဒီအချိန်မှာ ဦးလေးမောင် ရွာပြန်ရောက်လာပါတယ်။ သူက အဖေ့ညီ နှစ်ဝမ်းကွဲ တော်ပါတယ်။ ရန်ကုန်မှာ ကားမောင်းနေတာပါ။ သူ့အုံနာရဲ့ သူငယ်ချင်း အိမ်မှာ လူယုံ မိန်းကလေးတစ်ယောက် လိုချင်လို့တဲ့။ အမေ့ဆီမှာ ကျွန်မကို လာခေါ်ပါတယ်။ ကျွန်မ ဝမ်းသာလိုက်တာ ပြောမနေပါနဲ့တော့။ ကျော်သန်း ရှေ့မှာတင်ပဲ ဒီသတင်းကို အားရပါးရ ပြောမိပါတော့တယ်။ အဲဒါ ကျွန်မ အမှားပဲ။

နေ့လယ်ပိုင်းမှာ ကျော်သန်းတစ်ယောက် ထန်းရည်တွေ မူးပြီး ကျွန်မအိမ်ပေါ် အတင်းတက်လာပါတော့တယ်။ နင် မသွားရဘူးတဲ့။ ငါ့အကြောင်း ကောင်းကောင်းသိမယ်တဲ့။ ငါ့ကို ဒီလို လာမလုပ်နဲ့တဲ့။ ဘုရားရေ… တစ်ရွာလုံး ထွက်လာပြီး မေးကြမြန်းကြ ဆွဲကြတာပေါ့။ ကျွန်မ စိတ်ဆိုးဆိုးနဲ့ ထင်းတုံးနဲ့ ရိုက်လိုက်တာ ခေါင်းကွဲပါရောလား။ ဒီပြဿနာက ဘယ်သေးလိမ့်မလဲ။ ကျွန်မဘက်မှာ သူငယ်ချင်းတွေ အကုန်ရှိတယ်။ သင်းကို မြို့တက်ပြီး အမှုဖွင့်ဖို့ လုပ်တာပေါ့။ သူ့အစ်မတွေကလည်း မခံဘူး။ ကျွန်မက သူ့မောင်ဆီက ပိုက်ဆံတွေ လိမ်ထားလို့တဲ့။ ညာစားထားလို့တဲ့။ ကောင်မ အခုမှ လူပါးဝတာ…တဲ့။ သူတို့ကို မှီပြီး ကျေးဇူးကန်းတာတဲ့။ နင်တို့ သားအမိ မြေမျိုမယ်…တဲ့။

အမေ ပြန်လာတော့ ဒီစကားတွေ ကြားပြီး သူလည်း သူ့သမီးထိတော့ မခံချင်တော့ဘူးပေါ့။ ဒါကြောင့် ရွာလူကြီးနဲ့ သွားတိုင်တယ်။ မြို့အထိ တက်မယ်တဲ့။ အိမ်ပေါ်ထိ လာစော်ကားတာ ဘယ်လိုမှ သည်းမခံနိုင်ဘူးတဲ့။ ရွာလူကြီးကတော့ ညှိညှိနှိုင်းနှိုင်း လုပ်ဖို့ အခါခါ ပြောပါလေရော။ ဘေးဆီကလည်း ဝိုင်းပြောကြပါတယ်။ သွားတိုင်ရင်တော့ ထောင်ကျဖို့ သေချာတာကိုး။ ပိုင်နက် ကျူးလွန်မှုက ရှိနေတာကိုး။ သူတို့ဘက်ကလည်း လာချေသေးရဲ့။ ကျွန်မကို ပစ္စည်းခိုးသွားလို့ သူတို့မောင်က လိုက်တောင်းတာတဲ့။ သူ့အမေ ထဘီနှစ်ထည် အိမ်မှာ ပျောက်သွားတယ်တဲ့။ အဲဒါ ကျွန်မ လက်ချက်ပဲတဲ့။ ကြည့်စမ်း… သီတင်းကျွတ်တုန်းက ကျွန်မ သွားကန်တော့လို့ ပေးလိုက်တဲ့ ထဘီနှစ်ထည်ကို ခိုးတယ်လို့ လုပ်ပါရောလား။

ကျွန်မလေ… ဘယ်တော့ဖြစ်ဖြစ် ခနရှင်ပဲ ဖြစ်ချင်မိတယ်။ ခနရှင်ဟာ သိပ်အသာရတာပဲကိုး။

နောက်ဆုံး အမေ့ခမျာ ကျွန်မတို့ အိမ်ပြင်ဖို့ ငွေလိုလို့ ချေးထားတဲ့ ပိုက်ဆံတစ်ထောင်နဲ့ ကျေအေးလိုက်ရပါတော့တယ်။ ကျွန်မကိုလည်း ဦးလေးမောင်

mgyee.com

mgyoe.com

နဲ့ ထည့်ပေးလိုက်ပါတော့တယ်။ ကျွန်မကို လွှတ်လိုက်ရပေမယ့် အမေ အတော့်ကို ခံစားရပါတယ်။ သမီး... တဲ့၊ ပိုက်ဆံ မရှိတဲ့ အမေ့ကြောင့် သမီးလေး အခုလို အစော်ကားခံခဲ့ရတာတဲ့၊ အမေ့ကို ခွင့်လွှတ်ပါတဲ့၊ အမေ့အတွက် ဘာမှ စိတ်မပူနဲ့နော်တဲ့၊ သမီးဘဝကိုသာ လိမ်လိမ်မာမာနဲ့ သူတစ်ပါး အစော်ကား မခံရအောင် နေပါ...တဲ့။ လောကကြီးမှာ မုဆိုးမ သမီး ဆိုရင် လူတွေက အထင်သေးတတ်ကြတယ်။ ငါ့သမီးလေး အမေ့လို ဒုက္ခမတွေ့ပါစေနဲ့ကွယ်တဲ့။

အမေ ငိုလေ... ကျွန်မ အံကြိတ်လေပဲ။ လောကကြီးကို ကျွန်မ မယုံတော့ဘူး။ အဲဒီကတည်းက ဆင်းရဲတဲ့ဘက်ကို မသနားတတ်တဲ့ လောကကြီးကို ကျွန်မ ခံပြင်းနေမိတယ်။ ပိုက်ဆံရှိတိုင်း ကောက်ကျစ်လို့ရတဲ့အဖြစ်ကို ကျွန်မ ကောင်းကောင်းကြီး နားလည်ခဲ့ပါတော့တယ်။

ရန်ကုန် မရောက်ခင်က ကျွန်မမှာ လိုချင် တောင့်တတာလေး တစ်ခု ရှိပါတယ်။ ရုပ်ရှင်ထဲမှာ မင်းသားနဲ့ မင်းသမီး မင်္ဂလာဆောင်တော့ ခန်းဝင်ပစ္စည်းတွေ ပြင်ဆင်ထားကြတဲ့အထဲက ပန်းနုရောင်ခြင်ထောင်ကလေးကို ကျွန်မ အရမ်းသဘောကျမိပါတယ်။ ရန်ကုန် ရောက်လို့ ပိုက်ဆံ စုမိပြီးရင် အဲဒီခြင်ထောင်လေး ဝယ်မယ်လို့ တွေးပြီး အပျော်ကြီး ပျော်ခဲ့မိပါသေးတယ်။ တကယ် ပြောတာပါ။ ကျွန်မ ဘဝမှာ အရင်ဆုံး လိုချင်တပ်မက်မိတာက အဲဒီပန်းနုရောင်ခြင်ထောင်လေးပါ။

တကယ်တမ်း ရန်ကုန် ရောက်လာတော့ ကျွန်မဟာ ပန်းနုရောင် ခြင်ထောင်လေးကို မေ့သွားမိပါတယ်။ လိုချင်တပ်မက်မှုတွေ အဆမတန် တိုးမြှင့်လာလို့ မူလရည်မှန်းချက်လေး ပျောက်သွားခဲ့ရတာကိုး။ ဘဝဆိုတာ အဲဒီလိုပါပဲလေ။

ရန်ကုန် ရောက်တော့ ကျွန်မ သိရသလောက် ရန်ကုန်နဲ့ ကျွန်မဟာ အတူတူ လှလာကြတာပါ။ တကယ် ပြောတာ။

အိမ်တွေ၊ ကားတွေ၊ ပစ္စည်းတွေ ဆိုလည်း ဘာမှ သစ်သေးတာ မဟုတ်ဘူး။ ဒါတွေက သိပ်တော့အရေးမကြီးပါဘူး။ ကျွန်မအတွက် အရေးကြီးတာက သူဌေးအိမ်မှာ အဆင်ပြေဖို့ပဲ မဟုတ်လား။ ဦးလေးမောင် ပို့ပေးခဲ့တဲ့ ဘောက်ထော် အိမ်မှာက ကျွန်မရယ်၊ သူဌေးရယ်၊ သူ့တူ ကိုဖြိုးရယ်၊ သူဌေးရဲ့ (တစ်ဝမ်းကွဲ အဒေါ်) ဒေါ်စိုးရယ် လေးယောက်ပဲ ရှိတယ်။ ဒေါ်စိုးက မမာတာက ခပ်များများ။ တော်ကြာ ရွာပြန်ရတာနဲ့၊ တော်ကြာ သတိရလို့၊

mgyoe.com

ကလေးတွေ နေမကောင်းလို့ ပြန်ရတာနဲ့။ တော်ကြာ ရွာက အရေးတကြီး ခေါ်လို့ သွားရတာနဲ့ဆိုတော့ ကျွန်မမှာ အိမ်အလုပ်ကို ဒိုင်ခံလုပ်ရတော့တာပဲ။ သူဌေးက သိပ်တည်တယ်။ စကားပြောရင်လည်း ဖြည်းဖြည်းလေး ပြောတယ်။ စားတာ သောက်တာက အစ ဘာမှ ထွေထွေထူးထူး မပြောပါဘူး။ ကျွန်မနဲ့ တွေ့ခါစက စကား သုံး လေးခွန်း ပြောဖူးပါတယ်။

"မင်းနာမည်"

"မကြည်မာပါရှင့်"

"ဟင်းချက်တတ်လား"

"ဟင့်အင်း… အညာချက်ပဲ ချက်တတ်တယ်"

"အေး… ဒေါ်စိုးဆီမှာ သင်၊ ခိုင်းတာ ဝိုင်းလုပ်"

"ဟုတ်ကဲ့ရှင့်"

ဒါပဲ ပြောပြီး သတင်းစာ ဖတ်နေပါတယ်။

ကျွန်မလည်း သင်တာပဲ။ ဒေါ်စိုးဆီက ရသမျှ ဟင်းချက်နည်း အကုန်သင်ပါတယ်။ ဒါပေမဲ့ သူတို့ ခံတွင်းတွေ့အောင် ဘယ်လိုမှ မချက်တတ်ဘူး။ ဒါပေမဲ့ လကုန်ရင်တော့ လစာ ၃၀ ရပါတယ်။ နေရတာလည်း ဘာ ဓိမ်ရှိသလဲ မမေးနဲ့။ အဝတ်လျှော်ရင် ဆပ်ပြာမှုန့် အကောင်းစားနဲ့ လျှော်တယ်။ အပြင် ပါသွားရင် ကားစီးရတယ်။ မဂ္ဂဇင်းတွေ ကြည့်လို့ ရတယ်။ ညဘက် တီဗီကြည့်ရတယ်။ စားတာလေး တစ်ခုပဲ ကိုယ့်ဟာကိုယ် ချက်တဲ့နေ့ဆို စားလို့ မကောင်းဘူး။ သူဌေး ဟင်းဝယ်လာတဲ့နေ့ဆိုရင်တော့ ကျန်သမျှ ကျွန်မအတွက် ချည်းပဲ။ သူဌေးကို ကျွန်မက 'လေးလေး'လို့ ခေါ်ရပါတယ်။ အသက် ၄၀ ကျော်ပြီး လူပျိုကြီးရှင့်။ သူ့တူကတော့ ငမူး။ တစ်ချိန်လုံး မူးနေတာပဲ။ ပိန် လိုက်တာလည်း ကျွန်မ တစ်ခြမ်းလောက်ပဲ ရှိတယ်။ သူ မူးလာပြီဆိုရင်တော့ တစ်ခါတလေ သိပ်ရယ်ရတယ်။ ကျွန်မကို လေးလေးရဲ့ လုပ်ငန်းတွေ လျှောက် ပြောပြီး သူ့ကိုယ်သူ သိပ်သနားစရာကောင်းအောင် ရင်ဖွင့်တော့တာပဲ။ ပြီးတော့ စိတ္တဇ ပန်းချီဆရာတစ်ပိုင်း ဖြစ်နေသူပါ။ သူ့ပါးစပ်ကလည်း ထွက်လိုက်တဲ့ ဒဿန ဆိုတာ စက်သေနတ်ကျနေတာပဲ။ စကားကြီး စကားကျယ် သိပ်ပြောတာ။ ကျွန်မလည်း သူ့ဆီက အကျင့်တွေ ရလာတယ် ထင်ပါရဲ့။

"ဟဲ့… မိကြည်မာ၊ နင်က ငါ့ကို လေးလေးနဲ့ ပေါင်းပြီး ပုန်ကန် ခြားနားမလို့ပေါ့လေ၊ ငါက အရက်ရဲ့ ကျေးကျွန်ပါဟာ၊ ဘဝကို ကံကြမ္မာ

mgyoe.com

လက်ထဲ အပ်ထားတဲ့ အသူရာကျေးကျွန်ကြီးပါ၊ နင်တို့ကို ဘာမှ ရန်မလုပ်ဘူး၊ မလုပ်သမှ မော်လို့တောင် မဖူးဝံ့သူပါဟဲ့၊ နင်တို့က ငါ့ဆိုရင် စကားလေး ပြောဖို့တောင် အချိန် ရွေးနေတယ်''

''ရွေးမှာပေါ့... အစ်ကိုဖြိုးက မူးချည်းနေတာကိုး''

''ခက်... ပါ.. လား... မိကြည်မာရယ်၊ ငါ့မှာ မူးတာလေးပဲ အပြစ်ရှိတာပါ၊ တစ်ပါးတည်းပါဟာ၊ ဒီကံလေး တစ်ပါးလောက်နဲ့ မဟာပထဝီ မြေကြီးကတောင်...''

မပြီးတော့ဘူး တော်ရေ... ။ ပြီးရင် ကောင်းကင်ပြာကြီးတွေ၊ လမင်းကြီး ခိုးငိုတာတာတွေ၊ ရောဝတီ ဣန္ဒြေကြီးတာတွေ၊ ပေါက်တတ်ကရ ပြောတော့တာပဲ။ လေးလေးက ပြောပါတယ်။ သေမယ့်ကောင်... တဲ့။ သူ ဘာပြောပြော ဂရုမစိုက်နဲ့တဲ့။ ပြောမရ ဆိုမရမို့ ဘာမှ မပြောချင်တော့ဘူးတဲ့။

ဒေါ်စိုးကျတော့ သူ့ကို သနားတယ်။

''ကောင်လေးက ဖတဆိုးလေးပါအေ၊ သူ့အဖေကလည်း နိုင်ငံခြား ပညာတော်သင်ကနေ ပြန်ကို မလာတော့ဘူး၊ မအေကလည်း ငါ မပြောလိုက်ချင်ဘူး၊ လင်ယူတာ မြန်တယ်၊ ထဘီလဲတာကမှ ကြာသေးတယ် ဆိုတဲ့ ဟာမ ... သေပြီလေ၊ ရောဂါဆိုးနဲ့ကို သေတာ၊ ကောင်လေးလည်း ပန်းချီသင်တန်း တက်ကတည်းက အရက်စွဲတော့တာ၊ စိတ်ဆေးရုံလည်း သုံးခါ ရှိပြီ တင်ရတာ၊ မရပါဘူးဟယ်၊ သောက်စရှိ သောက်တာပါပဲ''

''လေးလေးကလည်း... ဘာမှ မပြောဘူးနော်''

''ပြောလို့မှ မရတာ၊ ကြာမယ်လည်း မထင်ပါဘူး၊ အစားမှ မစားဘဲ''

''ငယ်ငယ်လေး ရှိသေးတယ်နော်''

''၃၀ တော့ ပြည့်ပြီဟဲ့၊ အရင်ကတော့ ပန်းချီဆွဲတယ်၊ အဲဒီတုန်း ကတော့ ဒီလိုမှ မဟုတ်တာ''

''မိန်းမလည်း မယူဘူးနော်''

''မျိုးရိုးလိုက်တာ နေမှာပေါ့အေ၊ ဒါထက် ညည်းကရော ကြာကြာ နေမှာလား၊ ခဏခဏတော့ မပြန်နဲ့နော်၊ ငါ့ကျန်းမာရေးကလည်း မကောင်း ဘူး၊ ဒီအိမ်မှာနင့်ပဲ အားကိုးရမှာ''

ရယ်တော့ ရယ်ရတယ်။ ကျွန်မကို ကိုဖြိုးကလည်း အဲဒီလိုပဲ ပြော တာပဲ။ လေးလေးကလည်း ကြာကြာနေရမယ်နော်... တဲ့။ ဟွန်း ဟွန်း...

mgyoe.com

m g y o e . c o m  SAMPLE BOOK 

ကျွန်မမှာ စိတ်ကြီးတွေ ဝင်လိုက်မိသေး။ ဒီအိမ်မှာ ငါ မရှိရင် မဖြစ်ပါဘူးပေါ့လေ။ ဒီအကြောင်းတွေ အမေ့ဆီ စာရေးတော့တာပဲ။ ပထမဦးဆုံး ရတဲ့ လစာငွေလည်း ကန်တော့လိုက်တယ်။ စာထဲမှာတော့ ကျွန်မ ဒီမှာ ဘယ်လို ကောင်းစားနေတဲ့ အကြောင်း၊ သူဌေး လူယုံ ဖြစ်နေတဲ့အကြောင်း၊ ဈေးဝယ်တာက အစ ကိုယ့်လက် ကိုယ့်ခြေ ဖြစ်နေတဲ့ အကြောင်း၊ ငွေကို ကိုယ်တိုင် ကိုင်ပြီး ဝယ်ခြမ်းနေရတဲ့ အကြောင်း၊ ရေးကောင်းကောင်းနဲ့ ရေးထည့်လိုက်တာ ငါးမျက်နှာလောက် ပြည့်သွားတယ်။ လူလည်း ရင်ထဲမှာ ပေါ့ပြီး ပျော်လိုက်တာ ဆိုတာ ပြောမနေပါနဲ့တော့။ ရန်ကုန်မြို့ကြီးကို ကျွန်မ ပိုင်တယ်ပေါ့လေ။ သူများတွေ မြို့တက်ပြီး ဒုက္ခဖြစ်လာကြတာ ကံမကောင်းရှာလို့ ဆိုတာ တွေးမိသေးတယ်။

ဩော်… လေးလေးရဲ့ အလုပ်ကို မပြောရသေးဘူး။ အလှကုန်ပစ္စည်းတွေ မှောင်ခိုယူပြီး ဖြန့်ချိပေးတယ်။ ပစ္စည်းတွေက အကောင်းစားတွေချည်းပဲလို့ ဒေါ်စိုးက ပြောပြတယ်။ ကိုဖြိုးကတော့ သူ့လေသံအတိုင်း ကဲ့ရဲ့တာပဲ။

“အလကားပါဟာ… ဘဝကို ဆေးခြယ်ဖို့၊ အရေပြားပေါ်က အတွတ်တွေ ရောင်စုံခြယ်ကြတာပါ၊ နင် အဲဒါတွေ အထင်မကြီးစမ်းပါနဲ့၊ ဒါတွေဟာ သဘာဝကို အန်တုတဲ့ အလှတွေဟ… ရှင်းရဲ့လား”

“ဈေးကလည်း ကြီးလိုက်တာနော်”

“အောင်မာ… နင် လိုချင်သလား၊ သိပ်လိုချင်သလား ပြော”

“လိုချင်တာပေါ့… မိန်းကလေးပဲဟာ”

“ထွမ်… နင် အလကားပဲ၊ အရေပြားပေါ်က အတွတ်ကို ဆေးခြယ်ချင်တာ အလကားပဲ”

“အစ်ကိုဖြိုးကလည်း ဝယ်ပေးမလား အောက်မေ့နေတာ၊ ဘာတွေလာပြောနေမှန်း မသိဘူး၊ ကိုယ့်အရေပြားလည်း ကိုယ် ပြန်ကြည့်ပါဦး”

“ဟဲ့… ဒါက ငါ့ရဲ့ ခံနိုင်ရည်ပေါ်မှာ…”

“တော် တော် တော်… အစ်ကိုဖြိုးနဲ့ နေရတာ နားကို ငြီးနေတာပဲ”

“အေးပေါ့ဟာ… နင် ငါနဲ့ နားငြီးတယ်နော်၊ အေး… တစ်နေ့ မုဆိုးဖို အရက်သမားနဲ့ ညားမှ ပါးကြီးပါ နေ့တိုင်း ကြီးလိမ့်မယ်၊ နင် ငါ့ကို စော်ကားတယ်နော်၊ ငရဲက ငါ့လူပဲဟ… သိလား”

“ကြောက်ပါရဲ့တော်”

m g y o e . c o m

mgyoe.com SAMPLE BOOK

"ဒီမှာ ကြည်မာ... ဟော့... ငါ ပြောပြမယ် သိလား၊ လောကကြီး ဟာ သိပ်တရားသူကြီး ပီသတယ်၊ ငါ့မှာ အဖေလည်း မရှိ၊ အမေလည်း ဆုံးပြီဆိုတော့ ငါ့ ရှိသမျှတွေ လေးလေး လက်ထဲအပ်၊ ငါ့မှာ ဘာအလုပ်မှ မရှိတော့တဲ့အချိန်၊ ငါ့ဆီ အရက်မိတ်ဆွေကြီး ကြွချီလာတာပဲဟော့၊ ငါ စာအုပ်တွေ ဖတ်တယ်၊ ပြီးရင် တွေးတယ်၊ လောကကြီးအကြောင်း တွေးတယ်၊ အရက်သောက်ပြီး စဉ်းစားတယ်၊ ငါ ဘာမှားသလဲ၊ ငါ ဘာများ မှားသလဲ၊ မိန်းမယူလိုက်ရင် ကောင်းမလား၊ ဒီလိုလည်း ငါ စဉ်းစားတယ်၊ စဉ်းစားလိုက်၊ စာဖတ်လိုက်၊ သောက်လိုက်နဲ့ ငါ့ဘဝဟာ ပြီးပြည့်စုံနေမှန်း သိလာရတယ်၊ ဟော့... ငါတို့ဆီမှာ လူဦးရေ သန်း ၄၀ ကျော်ပြီဟ၊ ငါလိုလူ ဇမ္ဗူမှာ ရှိသေးသလား၊ ကဲ... နင် ပြောစမ်း"

"အစ်ကိုဖြိုးကလည်း လေးလေးလို အလုပ်လုပ်ပေါ့"

"အလုပ်... ဟုတ်လား၊ အလုပ်ဆိုတာ ဘာလဲ၊ လောကကြီးမှာ မနေတတ် မထိုင်တတ်တဲ့ သူတွေသာ အလုပ်ကို ကိုးကွယ်ကြတာ၊ ငါက ဘာလုပ်စရာ လိုလို့လဲ၊ တစ်လောကလုံး အလုပ် လုပ်နေရင် ခက်ရချည့်ရဲ့၊ ငါလို စဉ်းစား တွေးခေါ်နေမယ့် လူမျိုး လောကကြီးအတွက် လိုတယ်၊ ဒါ ဘဝရဲ့ သော့ချက်ပဲ၊ လုပ်ကြ... နင်တို့က အလုပ်နဲ့ လူမှ လူထင်ကြတာကိုး၊ ငါ့ရဲ့ အတွေးအခေါ် အယူအဆတွေက ဘာမှ လုပ်စရာ မလိုအောင် ငြိမ်းချမ်းတယ်၊ နင် ဒီစကား မှတ်နော်၊ ဘဝမှာ သိပ်အရေးကြီးတယ်၊ ငြိမ်းချမ်းတယ် ဆိုတဲ့ စကား၊ လူတွေဟာ အဲဒါကို မေ့နေကြတယ်၊ အတူတူပဲ၊ နင်လည်း အတူတူပဲ၊ နင်က လှတယ်၊ အရွယ်ရောက်လာတယ် ဟုတ်လား၊ လှတဲ့ ပစ္စည်းတွေကို လိုချင်တယ်၊ နင် အခုကစပြီး ငြိမ်းချမ်းရေး ပျောက်ဆုံးပြီ၊ နင့်ဘဝဟာ အသေဝနာစ ဗာလာန် ဆိုတဲ့ လှပခြင်းရဲ့ မိုက်မဲမှုတွင်းကြီးထဲကို စတင်ဆင်းပြီ"

"ရှိကြီးခိုးပါရဲ့ အစ်ကိုဖြိုးရယ်၊ ကျွန်မ မီးပူတိုက်လို့ မရတော့ဘူး၊ ဒီနား လာပြီး ပက်လက်ကြီး လှဲနေတယ်၊ လုပ်ရတာ မလွတ်မလပ်နဲ့၊ ဆိုဖာပေါ် သွားအိပ်ပါလား၊ စိတ်ညစ်တယ်... နေ့တိုင်းပဲ"

"ငါ မူးနေတယ်လို့ နင် ထင်သလား"

"ဟုတ်ပါ့... ကျွန်မ မူးနေတာ"

"ဟဲ ဟဲ... နင် အဲဒါလေးတွေ ချစ်ဖို့ ကောင်းတာပဲ၊ စကားပြောရင် ဂျစ်တစ်တစ်နဲ့၊ ငါကလည်း တော်ရုံတန်ရုံ လူကို စကားမပြောချင်ဘူး၊

mgyoe.com

mgyoe.com SAMPLE BOOK

နင့်အရင် လာလုပ်သွားတဲ့ လုလုသိန်းဆို တစ်ခွန်းတောင် ငါ ဒီလို မပြောဘူး၊ ဘုရားစူး ရစေရဲ့… တစ်ခွန်းဆို တစ်ခွန်းမှတောင် ငါ မပြောခဲ့ဘူး၊ သူက အကျင့်မကောင်းဘူးဟ၊ ဈေးဖိုးတွေလည်း ခိုးတာပဲ''

''အစ်ကိုဖြိုးနော်… သူများ သားသမီးတွေကို အရမ်းမစွပ်စွဲနဲ့နော်''

''ဟဲ့… ငါက ဒိဋ္ဌမမြင်သမားဟ၊ မသေချာရင် ပြောမလား၊ နင် ဒေါ်စိုးကို မေးကြည့်၊ အိမ်က စတီးချိုင့်တွေ၊ လင်ပန်းတွေ ခိုးတယ်၊ ဈေးမှာ သူ့မောင်လေးက စောင့်တယ်၊ အဲဒီဈေးမှာ ငါ့လူယုံတွေချည်းပဲ၊ နောက်ဆုံး မိတာပဲဟေ့၊ ဂျောင်းရတာပဲ''

''အစ်ကိုဖြိုးက ကျွန်မကိုလည်း လိုက်ချောင်းခိုင်းတာပဲလား''

''ဘယ်ကလာ… ငါ ဒီလိုလူ မဟုတ်ဘူး၊ သဘာဝတရားကြီးက ငါ့ကို စေ့ဆော်တော့မှ ငါ လေ့လာကြည့်တာ၊ နင်ဟာ ရိုးသားတယ်၊ ရုပ်ရည် လေးက လှတယ်၊ ဒါကြောင့် သိပ်မလှချင်စေနဲ့လို့ သဘာဝတရားကြီးက ငါ့ကို ပြောခိုင်းတယ်ဟေ့၊ နင့်အလှကို နင် မထိန်းနိုင်ရင် နင် မလွယ်ဘူး၊ ဒါကြောင့် ငါက သတိပေးနေတာ ရှင်းပြီလား''

''ကိုယ့်ဟာကိုယ် လှတာပဲ၊ ဘာဖြစ်လဲ''

လို့ ကျွန်မက အငေါ်တူးပြီး ထွက်ခဲ့ပါတော့တယ်။ အမေ့ မိတ်ဆွေ တွေကလည်း ကျွန်မကို တဖွဖွ ပြောတာ အဲဒီအတိုင်းပဲ။ ကျွန်မက အလှမက် တယ်။ လှဖို့ ပဖို့ဆိုရင် အရမ်းတက်ကြွနေရော။ ကျွန်မဟာ တစ်နေ့နေ့မှာ လှလှပပကြီး နေရမယ်လို့ အမြဲယုံတယ်။ ကျွန်မ ရုပ်ရည်ဟာ ရွာမှာဆို ရွယ်တူချင်း မနာလိုချင်စရာ ကောင်းလောက်အောင် ဖြစ်ရပါတယ်။ ပြီးတော့ အမေက ကျွန်မကို တောင်သူအလုပ်တွေ မလုပ်ခိုင်းဘူး။ ဈေးကြီးမှာ ဈေးရောင်း ကျွေးတယ်။ သားအမိ နှစ်ယောက်တည်းမို့ ဝမ်းဝပါတယ်။ ရွာဦးကျောင်း ဆရာတော်ကလည်း ကျွန်မကို သေသေချာချာ ဟောကိန်း ထုတ်ထားပါတယ်။ ကျွန်မဟာ တစ်ရပ်တစ်ရွာမှာ ကြီးပွားမယ်တဲ့။

ကျွန်မအတွက် ကံတရားဟာ ဒီလောက် လျှင်လျှင်မြန်မြန်ကြီး ထောက်ပံ့ပေးမယ်လို့ မထင်မိဘူး။ မြို့တော် ရန်ကုန်ကြီးကို ရောက်ချိန်က စပြီး ကျွန်မဟာ လှရေးအတွက် ပိုပြီး အားတက်စရာတွေ ကြုံရပါတော့တယ်။ ပထမ လေး ငါးလတော့ အိမ်ထဲမှာ တောက်တိုမည်ရတွေ လုပ်ရင်း အိမ်ဖော်

mgyoe.com

mgyoe.com SAMPLE BOOK

ဘဝနဲ့ တင်းတိမ်နေရပါတယ်။ နောက်ပိုင်းမှာတော့ လေးလေးမှာ ဘာစိတ်ကူး ဝင်သွားတယ် မသိဘူး။ ကျွန်မကို အလှပြင်သင်တန်း တက်ခိုင်းပါတော့တယ်။

ကျွန်မ သင်တန်း တက်ရတာ မြို့ထဲမှာပါ။ အဲဒီတုန်းက မြို့တော်မှာ ဗျူတီပါလာ များများစားစား မပေါ်သေးဘူး။ သုံးစွဲတဲ့ ပစ္စည်းပစ္စယတွေက လည်း သားသားနားနား မရှိသေးဘူး။ တဖြည်းဖြည်းနဲ့ ဗျူတီပါလာလုပ်ငန်း ဟာ မြို့တော် စီးပွားရေးရဲ့ အချက်အချာ ဖြစ်လာပါတော့တယ်။ ကျွန်မလည်း ကိုယ့်ဟာကိုယ် ကောင်းကောင်းကြီး လှပအောင် နေတတ်လာပြီ။ ကျွန်မ လှလာတာကို လေးလေးတောင် ချီးကျူးတယ်။ ဒေါ်စိုး ဆိုတာ တဖွဖွပေါ့။ ကဲ့ရဲ့သူက တစ်ဦးပဲ ရှိတယ်။ အစ်ကိုဖြိုးလေ… သူကတော့ တွေ့တာနဲ့ ရှုးရှုးရှားရှား ကဲ့ရဲ့တော့တာပဲ။

□

"အခြေအနေက ဘယ်လို ရှိသလဲ ဆရာလေး၊ အဒေါ် သိခွင့်ရရင် သိချင်လို့ပါ၊ သူ့ကို ကြည့်ရတာ အားမရဘူး"

အဒေါ်ကြီး၏ အမေးကို ကျွန်တော် ချင့်ချိန်နေမိပါသည်။ မနှစ်ကပင် သူ့သမီး ဖြစ်သူ နှင်းစုငြိမ်းခမျာ ဆစ်ဖလစ်၊ နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့ သည်။ အသက်မှာ ကြည်မာနှင့် မတိမ်းမယိမ်းသာ ရှိပါလိမ့်မည်။ အဒေါ်ကြီး နှင့် ခွဲပြီး ရန်ကုန်ဘက်ကမ်း၌ နှစ်ရှည်လများ အလုပ် သွားလုပ်နေရာမှ မကျန်းမာ၍ ရောဂါပွေ့ပြီး ပြန်လာခဲ့သည်။

သူ့ရောဂါမှာ ဒုတိယအဆင့်သို့ ခရီးကျွံနေလေပြီ။ မျက်နှာနှင့် ခန္ဓာကိုယ် ပေါ်တွင် အဖုများ အနှံ့အပြား ထွက်နေခဲ့ပြီ။ ကျွန်တော့်အား ပြောပြသည်မှာ ဖြစ်ခါစက မြို့၌ပင် ကိုတ်၍ကုသသေးသည်။ သို့သော် ဝမ်းစာ တစ်ဖက်၊ ရပ်တည်မှု တစ်ဖက်နှင့်မို့ ရောဂါက တဖြည်းဖြည်း နိုင်စားလာခဲ့ရာမှ ယခုကဲ့သို့ ရောဂါ၏ အပိုင်စီးမှုကို ခံရသည်ဟု ဆို၏။ ကျွန်တော်လည်း ဘာမှ မတတ်နိုင်။ နောက်ဆုံး ဝေဒနာသည်း၍ ကွယ်လွန်သွားရှာ၏။ အဒေါ်ကြီးခမျာ သူ့သမီး ရောဂါကို သေပြီး အတော်ကြာမှ သိရလေသည်။

ယခုတစ်ဖန် သမီး အလွမ်းပြေဖို့ ကြည်မာ့ကို အိမ်ခေါ်လာခဲ့ပြီ။ ကျွန်တော့်အနေဖြင့် ပထမအကြိမ်ကကဲ့သို့ တွေ့ရာ ယောင်ရမ်း၍ တလွဲပြော

mgyoe.com

mgyoe.com SAMPLE BOOK

ကာ ရောဂါအမည်တပ်ရမည်လော။ အမှန်အတိုင်းပင် ကုစား၍ မရတော့ပြီ ဖြစ်ကြောင်း ရှင်းပြရမည်လော။

"အဒေါ်… ဟိုတစ်နေ့က ပြောတဲ့အထဲမှာ သူ့သူငယ်ချင်းဆီ သွားခဲ့တယ် ဆိုလားလို့၊ အဲဒါလေး ပြောပါဦး အဒေါ်"

"အဒေါ် မတွေ့ခဲ့ဘူး ဆရာလေး၊ ကလေးမလေး ပေးတဲ့စာကို ပြတော့ အဲဒီက လူငယ်လေးတစ်ယောက်က ဖုန်းဆက်ပေးတယ်၊ သူ့သူငယ်ချင်းက နယ် ရောက်နေတာတဲ့၊ ဖုန်းထဲမှာ ပြောကြရင်း အဒေါ့်ကို ပိုက်ဆံ သုံးသောင်း ပေးခိုင်းတယ် ထင်တာပဲ၊ ဖုန်းချပြီးတော့ ပိုက်ဆံ ပေးလွှတ်လိုက်တာပါပဲ"

"နောက် ဘာများ မှာသေးလဲ၊ ကလေးမလေးရဲ့ မိဘတွေကို မမေးခဲ့ဘူးလား"

"အဒေါ် သွားရတာက အလှပြင်ဆိုင်ကွဲ့၊ အိမ်ဆိုရင်တော့ အေးသီတာ ဆိုတဲ့ မိန်းကလေးနဲ့ တွေ့ချင်တွေ့မှာ"

"ဪ… ဘယ်နားက ဆိုင်ပါလိမ့်"

"နီးပါတယ် ဆရာလေးရဲ့၊ ရွှေဘုံသာလမ်းတင်ပါ၊ အဒေါ့်မှာ လိပ်စာ ရှိတယ်၊ ဆရာလေး လိုရင် ပြောပါ"

"ဟင့်အင်း… ကျွန်တော် မလိုပါဘူး အဒေါ်၊ ကျွန်တော့်သဘောက သူ့မိဘများ နေရပ် သိရင် ဆက်သွယ်ပေးမလားလို့၊ အဒေါ့်မှာလည်း ဝန်ဖြစ်နေမယ် ထင်တယ်"

"အို… မဟုတ်တာ ဆရာလေးရယ်၊ အဒေါ်ကိုက ကလေးမလေးကို ချစ်လို့ပါ"

ကျွန်တော့်မှာဖြင့် ပို၍ပင် ပြောရခက်ချေပြီ။ သို့သော် မပြော၍လည်း မပြီးသည့် အခြေကို ရောက်နှင့်နေပြီကိုး။

"ကျွန်တော့်ဆန္ဒကတော့ သူ့ကို မြို့မှာ တက်ကုဖို့ လိုပြီ ထင်တယ်၊ ဟိုမှာက ဆေးခန်းကြီးတွေ ရှိတယ်လေ၊ အချိန်မရွေး သူ့အခြေအနေက…"

"ဘာရောဂါများလည်း ဆရာလေးရယ်၊ အဒေါ့်ကို ပြောပါ"

"အဆုတ်နဲ့ နှလုံး နှစ်ခုလုံး မကောင်းဘူး အဒေါ်၊ တော်တော်ကို ကုရမယ်၊ အရေးပေါ် ခွဲစိတ်ကုသဖို့ လိုတယ်၊ အဓိက,က အာဟာရလည်း ပြတ်နေတယ်၊ ကြာရင် ရောဂါက ပိုဖိစီးသွားလိမ့်မယ်"

"အဲဒါ ဒုက္ခ" ဟု အဒေါ်ကြီး ညည်းသည်။ ထို့နောက်…

mgyoe.com

mgyoe.com SAMPLE BOOK

"ချောင်းဆိုးတာကလည်း အဆက်ကို မပြတ်ဘဲ ဆရာလေးရယ်၊ အဒေါ်ဖြင့် သူ့ကို သနားလွန်းလို့ ညည ငုတ်တုတ်ကို ထိုင်နေရတော့တာပဲ"

"နဂိုကတည်းက ကြပ်ကြပ်မတ်မတ် ကုရင် ဒီရောဂါဟာ ပျောက်ပါတယ်၊ ချောင်း ခဏခဏဆိုးရာကနေ အဆုတ်မှာ လေအောင်းပြီး နှလုံးကိုပါ ဒုက္ခပေးတော့တာပဲ၊ ဖြစ်ခါစမှာ ကိုယ်လက်လှုပ်ရှားမှု များများ လုပ်မယ်၊ အဆုတ် အအေးမမိအောင် ဆင်ခြင်မယ်ဆိုရင် ဒီလောက်ထိ ဖြစ်လာမှာ မဟုတ်ဘူး၊ အခုဟာ သူက စိတ်ဓာတ်လည်း အတော့်ကို ကျနေတယ်၊ အဲဒါ မကောင်းတဲ့ လက္ခဏာပဲ အဒေါ်၊ ဒါဟာ သူ့ဟာသူ အရင်ပြုပြင်မှ ဖြစ်မှာ"

အဒေါ်ကြီးက စဉ်းစားနေပြန်သည်။ သူ့စေတနာမှာ သာမန် စေတနာမျိုး မဟုတ်။ သားသမီးလို စာနာ သနားစိတ်ဝင်နေသော စေတနာဖြင့် စောင့်ရှောက်နေခြင်း ဖြစ်ပါသည်။ ဤစေတနာမျိုးမှာလည်း ကျွန်တော် ကြုံဖူး သမျှတွင် ဆင်းရဲသော အသိုင်းအဝိုင်း၌သာ ဖြစ်ထွန်းလေ့ရှိခြင်းပင်။ အံ့သြဖွယ် တော့ မဟုတ်ပါလေ။ ဆင်းရဲသော အသိုင်းအဝိုင်းသည် ပတ်ဝန်းကျင် အပူ အပင် အတော့်ကို ကင်း၏။ ဂုဏ်ရှိန်ဂုဏ်ဝါ ပကာသနအတွက် တွေးတော လန့်ဖျပ်နေစရာ မလို။ ဥစ္စာနေအတွက်လည်း အပူကြီး မရှိ။ ဤတွင် မေတ္တာ၊ ကရုဏာတရားများ ပြည့်ဖြိုးခွင့် ရှိလာသည်မို့ လွယ်လင့်တကူ ချစ်မြတ်နိုးနိုင် ခြင်း ဖြစ်ပါမည်။ မုန်းစရာကိုလည်း ခပ်မြန်မြန်လေး မုန်းပစ်လိုက်နိုင်ပါမည်။

"အဒေါ်တစ်ခု စဉ်းစားနေတာပါ၊ ဆရာလေးတော့ ဆုံးဖြတ်တတ် မယ် ထင်တာပါပဲ၊ အဒေါ် ရန်ကုန်က သူ့သူဌေးအိမ် စုံစမ်းပြီး သွားမယ်၊ တစ်ယောက်ယောက်နဲ့ တွေ့ပြီး သူ့ရွာကို အကြောင်းကြားခိုင်းမယ်၊ တစ်နည်း နည်းနဲ့တော့ သူ့အမေကို ဆက်သွယ်မလားလို့"

"ကောင်းသားပဲ အဒေါ်၊ လိုအပ်ရင် ကျွန်တော် လိုက်ပါ့မယ်"

"ကောင်းတာပေါ့ ဆရာလေးရယ်၊ ဒါဆို သူ့သူဌေးကို အဒေါ် အရင်သွားတွေ့ပါမယ်"

အဒေါ်ကြီး ပြန်သွားပြီးနောက် ကျွန်တော် လူနာနှစ်ဦးအား ကြည့်ရှု ပေးပြီး ကြည်မာ့ဆီ ထွက်လာခဲ့သည်။ ကျွန်တော် ရောက်တော့ ကြည်မာ အိပ်မောကျနေ၏။ ကျွန်တော် သူ့အတွက် စားဆေးများ ထပ်ပေးခဲ့ပြီး အခြေ အနေကို ခဏ စောင့်ကြည့်သည်။ ခဏအကြာမှာ ကြည်မာ နိုးလာ၏။

"အိပ်လို့ ကောင်းရဲ့လား ကြည်မာ"

mgyoe.com

"ဟုတ်ကဲ့··· နေ့လယ်ကတည်းက အိပ်လိုက်တာပဲ၊ ဘယ်နှနာရီတောင် ထိုးပြီလဲ"

"၆ နာရီကျော်ပြီလေ၊ တစ်ခုခု စားပြီး ပြန်အိပ်ပေါ့၊ ဒါမှမဟုတ် လမ်းလေး ဘာလေး လျှောက်ပါလား၊ ခြံထဲမှာ ဆင့်းထိုင်ရင် လေကောင်းလေသန့် ရတာပေါ့"

ကြည်မာက ဘာမှ မပြော။ သူ အပြင်မထွက်လိုပါဟု ဖြေကြားခြင်းပင်။

"ကဲ ကဲ··· ဒါဆိုလည်း မနက်ကျတော့ ထွက်လျှောက်ကွာ၊ ဟုတ်ပြီလား"

"ဆရာရယ်··· မထူးပါဘူး၊ ကြည်မာ ဒီလိုပဲ နေပါရစေ"

"မရဘူး ကြည်မာ၊ ကြည်မာ နေကောင်းအောင် နေရမယ်၊ ပြီးရင် အိမ်ပြန်ရမယ်"

"အိမ်···"

"ဟုတ်တယ်၊ ကြည်မာ့ကို ဆရာကိုယ်တိုင် အိမ်လိုက်ပို့မယ်"

"ဘုရားရေ··· ဘယ်အိမ်ပါလိမ့်"

"မနောက်နဲ့ ကြည်မာ၊ ဆရာ တကယ်ပြောနေတာ"

ကြည်မာ့မှာ အိမ်မှ မရှိတာဟု ခပ်မာမာ ပြောပြီး ကိုယ်ကို တစ်ခြမ်း လှည့်ထိုင်လိုက်သည်။ ဒူးခေါင်းပေါ်သို့ ခေါင်းတင်ပြီး မျက်နှာပင် တစ်ဖက်သို့ စောင်းလိုက်ချေသေးသည်။

ကျွန်တော်တို့ တိုက်ပွဲကို အကဲခတ်လျက်ရှိသော အဒေါ်ကြီးခမျာ ခေါင်းခါ၍ အနောက်ခန်းတွင်းသို့ လှမ်းဝင်သွားလေသည်။

"ကြည်မာ တော်တော်ဆိုးတာပဲ"

သူ လှည့်မကြည့်ပါ။ ခြေဖဝါးလေးကို ပုတ်ပြီး အသံတိတ်နေ၏။

"ကဲ့လေ··· ဒါဆိုလည်း ဆရာ ပြန်တော့မယ်၊ ခက်တယ်ကွာ"

ကျွန်တော်တို့ နှစ်ဦးစလုံး တိတ်ဆိတ်နေကြသည်။ သူ့ဘက်က စတင်၍ လှုပ်ရှားလိုက်ခြင်းမှာ ရှိုက်သံဖြင့် ရောထွေးလာသည်မို့ ကျွန်တော် စိုးရိမ်မိတော့သည်။

"ရတယ်··· ရပြီးသားပဲ၊ ကြည်မာက သေမယ့်လူပဲ၊ ဆရာ ဘယ်ကုချင်ပါ့မလဲ၊ ဒီမှာ နေရင် ဆရာ့တာဝန် ဖြစ်နေမှာပေါ့၊ ဟင့်··· သွားပါ့မယ်၊ ကြည်မာ့ဘာသာ သွားပါတော့မယ်၊ ဟင့်"

mgyoe.com

mgyoe.com SAMPLE BOOK


''ဘယ်သူက သေမယ်လို့ ပြောနေလို့ပဲ၊ အဝေးကြီး ရှိသေးတယ်''

''ကြည်မာ သိတယ်၊ ဆေးစစ်ချက် ရပြီးကတည်းက သိတယ်၊ မြန်မြန်သေမှ အေးမှာပါလေ၊ ကြည်မာ့ကိုဆို ဘယ်သူမှ ကိုယ်ချင်းမစာဘူး''

''တော်ကွာ...''

ကျွန်တော် လေသံမာမာဖြင့် ဟန့်လိုက်သည်။ သူက မတန့်။ ပို၍ပင် တိုး၍ ပင့်သက်ရှိုက်ပြီး အငိုမျက်နှာဖြင့်ပင် လှည့်ကြည့်သည်။ အငိုဖြင့်ပင် ပြောချေပြီ။

''ကြည်မာ သေပါရစေ၊ သေပါရစေတော့ ဆရာရယ်၊ ကြည်မာ မသေသမျှ မကြားချင်တာတွေ ကြားနေရတယ်၊ မတွေးချင်တာတွေ တွေးနေရတယ်၊ အမေ့ကို ကြည်မာ မတွေ့ရက်ဘူး၊ ဒီပုံစံ ဒီဘဝနဲ့မို့ မတွေ့ရက်တာ ဆရာရဲ့၊ ကြည်မာ မတွေ့ပါရစေနဲ့၊ တောင်းပန်ပါတယ် ဆရာရယ်၊ ကြည်မာ့ကို တွေ့ရင် အမေ တစ်သက်လုံး စိတ်ဆင်းရဲသွားမှာ၊ အမေက ကြည်မာ ကောင်းစားနေလို့ ပျော်နေရှာတာ၊ အဲဒါကို ကြည်မာ အမှန်အတိုင်း၊ အမှန်အတိုင်း...''

သူ့ငိုရှိုက်သံကို ကျွန်တော့် နှလုံးဗဟိုက အတော့်ကို သည်းခံ၍ ထိန်းချုပ် နားထောင်နေရသည်။ အမှန်မှာတော့ ကျွန်တော်လည်း မကြားရက်တော့ပြီ။

ကျွန်တော့်လိုပင် မကြားရက်ရှာသော အဒေါ်ကြီးသည် နောက်ဖေးမှ အငိုတစ်ဝက်ဖြင့် ပြေးထွက်လာကာ ကြည်မာ့ကို ဝင်ပွေ့သည်။ ပြီးတော့ ငိုကြ၏။

''ဟုတ်တယ်၊ သမီး မသွားနဲ့၊ အဒေါ် ရှိတယ်၊ အဒေါ် ပျောက်အောင် ကုမယ်၊ ဒီအိမ်ပါ ရောင်းပြီး ကုမယ်၊ မငိုနဲ့တော့ကွယ်၊ မငိုပါနဲ့တော့''

ကျွန်တော် ဤသို့သော လူမမာရှင်များကို ကြိမ်ဖန်များစွာ ကြုံဖူးပါသည်။ လောကသဘာဝ နှောင်ဖွဲ့မိသော သံယောဇဉ် စွမ်းပကားဖြင့် သေမင်းကို အန်တုကြသော လူများစွာကို တွေ့ဖူးလုပါ၏။ အဖြေရှိပြီး ဖြစ်သော ပုစ္ဆာအတွက် အဘယ်နည်းဖြင့်ပင် တွက်ချက်ပါသော်ငြား လွဲပါဦးမည်လော။ သို့ရာတွင် ယခင့်ယခင် ကြုံတွေ့စဉ်အခါများက သာမန် စိတ်မကောင်းမှုဖြင့်ပင် ထိုအပါးမှ ကျွန်တော် ခွာနိုင်ခဲ့၏။ ယခုတော့ သူတို့မှာ ကျွန်တော့် သွေးသားလို ဖြစ်နေသည်။ မဆက်မနွှယ်ကြပါလျက် ဆန်းသစ်လှပသည့် သံယောဇဉ်

mgyoe.com

mgyoe.com SAMPLE BOOK

နှောင်ဖွဲ့မှုကြီးထဲမှာ ကျွန်တော်လည်း ခြေတစ်ဖက် ကျွံလေပြီ။ သူတို့လိုပင် ခံစား ရင်နင့်နေရသည်။ မပျောက်တော့မည်ကို သိသော်ငြား ဘယ်လို ဆေး တစ်ခွက်ဖြင့် ပျောက်သွားလေမည်နည်းဟု ကြံဖန် တွေးလိုက်မိသေး၏။

□

*'အမေ...*

*သမီး စာရေးလိုက်ပါသည်။*

*အမေ နေထိုင်ကောင်းမည်ဟု သမီး မျှော်လင့်ပါသည်။ သမီး ယခု အလုပြင်သင်တန်း တက်နေရပါသည်။ လေးလေးမှ တက်စေ လို၍ ဖြစ်ပါသည်။ ဒေါ်စိုးကလည်း သမီးကို ချစ်ပါသည်။ သူ့ရွာသို့ အလည်ခေါ်နေသဖြင့် သမီး လိုက်သွားပါဦးမည်။ လေးလေးလည်း နိုင်ငံခြားသို့ အလုပ်ကိစ္စ သွားမည်ဟု သိရပါသည်။ ဒေါ်စိုးတို့ ရွာမှ ပြန်ရောက်လျှင် သမီး စာထည့်လိုက်ပါမည်။ အမေ့အတွက် ဦးလေးကြည်ဝင်း၏ ဘဏ်သို့ ငွေလွှဲထားပါသည်။*

*အမေ ကျန်းမာ ချမ်းသာပါစေ...*

*ချစ်သမီး*

*ကြည်မာ'*

ဒေါ်စိုးတို့ရဲ့ ကံကုန်းရွာကို သွားလည်ကြတာ သိပ်ပျော်ဖို့ ကောင်းပါ တယ်။ အစ်ကိုဖြိုးလည်း ဒီတစ်ခါတော့ အလည်လိုက်လာပါတယ်။ ပါးစပ်က တော့ ထုံးစံအတိုင်း ပြောလာပါသေးတယ်။ ကျေးလက်ရဲ့ ရနံ့မှာ ငါ့ရဲ့ အတွေး တွေ စီးမျောခွင့် ပေးလိုက်မလို့တဲ့။

ဒေါ်စိုးတို့ ရွာက အခုလို မိုးတွင်းဆိုရင် ခရမ်းမြို့ကနေ မော်တော်နဲ့ ဆက်သွားရပါတယ်။ တစ်နာရီကျော်ကျော် မော်တော်စီးရပေမယ့် ကျွန်မ ပျော်နေတယ်။ အညာသူပေမယ့် ရေချောင်းထဲမှာ အပေါ်က မိုးတွေ ရွာနေပြီး ရေစက်တွေ မထိတထိ လာလာစင်တာကို အရသာတစ်မျိုး ဖြစ်နေပါတယ်။ မော်တော်မှ ထွက်မယ် မကြံသေးဘူး။ အစ်ကိုဖြိုးတစ်ယောက် မော်တော် ခေါင်မိုးပေါ်မှာ အဖော်တွေ့နေပါပြီ။ သူ့စကားအရ ဆိုရင် ကမ္ဘာပေါ်မှာ

mgyoe.com

 mgyoe.com SAMPLE BOOK 

အဖော်ရှာလို့ အလွယ်ဆုံးလူဟာ အရက်သမားပဲတဲ့။ အရက်သမားဟာ ဘာ အိုက်တင်မှ မလိုဘူးတဲ့။ အရက်သမားချင်းဟာ တစ်ခွက် တစ်လှည့် ငုံ့လိုက်ရုံနဲ့ ချစ်ကျွမ်းဝင်သွားတာပဲတဲ့။ ဒါကြောင့် သူ ရန်ကုန်က ဝယ်လာတဲ့ အရက်ပုလင်းကို ဆွဲပြီး မော်တော်ခေါင်မိုးပေါ်မှာ မိတ်ဖွဲ့တာ နေမှာပါ။ ရန်ကုန်မှာ ပြောတုန်းကတော့ ကျေးလက် ရှုမျှော်ခင်းတွေ ပန်းချီ မျက်စိနဲ့ ကြည့်ချင်လို့တဲ့။ အခုတော့ မော်တော်ပေါ်မှာတင် ကျေးလက်နဲ့ ခွက်ချင်း ဆက်ပါလေပြီ။ မော်တော်သမားများကလည်း ပင့်ရတာ လွယ်ချက်။ ချက်ချင်း ဖန်ခွက်ရှာ၊ အမြည်းရှာပြီး တစ်ဝိုင်း ဖွဲ့လိုက်ကြပါတော့တယ်။

သူတို့ဝိုင်းက တစ်လမ်းလုံး တွေ့သမျှ၊ ရပ်သမျှ တံငါတဲတွေ ရောက်တိုင်း ဝုန်းဒိုင်းကြပါလေရော။ မော်တော်ပေါ်မှာ တံငါတဲတွေက မှာလိုက်တဲ့ ဆန်တွေ၊ ဆီတွေ၊ ငရုတ်သီး၊ ကြက်သွန်တွေ ပါတယ်။ မနက်က မော်တော်သမားနဲ့ ထည့်ပေးလိုက်တဲ့ ငါးတွေ ရောင်းချပြီး ရတဲ့ငွေနဲ့ ပြန်ဝယ်လာပေးတာကို စာရင်းလုပ်ကြချိန်လေးမှာ အစ်ကိုဖြိုးတို့နဲ့ ပိုက်သမားတွေ ခွက်ချင်းဖလှယ်ကြပါရော။ ပိုက်သမားတွေဆီက ဟင်းခွက်တွေ မော်တော်ပေါ် ရောက်လာတယ်။ အစ်ကိုဖြိုးတို့ကလည်း တစ်ခွက်ပြီး တစ်ခွက် ရက်ရောပါတော့တယ်။ ဒေါ်စိုးတို့ ရွာကို မော်တော်ဆိုက်တော့ မှောက်တဲ့လူလည်း မှောက်နေပြီ။ အစ်ကိုဖြိုးကတော့ ဟန်မပျက်ဘူး။

"ရောက်ပြီလား အဒေါ်၊ ကျွန်တော်က လိုသေးတယ် မှတ်နေတာ"

"လိုက်ခဲ့ပါလားဗျ၊ ညကျတော့ ကျုပ်တို့ ပြန်ပို့ပေးပါ့မယ်"

"အမယ်လေး… ကာလနာတွေရယ်၊ သူ့ဦးလေး သိရင် ငါ့ လာသတ်နေပါမယ်၊ တော်တို့ဟာ တော်တို့ ဆက်မျိုကြပါတော့၊ ကျုပ်ညေ့်သည်ကိုတော့ ထားခဲ့ပါတော့၊ အမယ်လေး… သောက်တော်မူးတို့ရဲ့"

ဒေါ်စိုးက ဟစ်အော်ပြီး နှင်လွှတ်သည့်တိုင် အစ်ကိုဖြိုးကို လက်ဆွဲခါနှုတ်ဆက်နေကြသည်က မပြီးနိုင်။ နှစ်ပေါင်း ခုနစ်ရာ ကွဲကွာနေကြသူများလို လွမ်းနေကြသေးရဲ့။ အစ်ကိုဖြိုးက သူ့ကျောပိုးအိတ်ထဲမှ အရက်တစ်လုံး လက်ဆောင်ပေးတော့ ပို၍ပင် အားပါးတရ နှုတ်ဆက်ကြသည်။

"ကဲဟေ့… သွားကြတော့၊ သွားကြတော့၊ နောက်ကျကုန်မယ်ကွ"

ကမ်းပေါ်မှ ဦးကြီးတစ်ယောက် ဝင်ပြောတော့မှ အစ်ကိုဖြိုး လက်ကို လွှတ်ပြီး မော်တော်ပေါ် တက်သွားကြပါတယ်။ မော်တော် ထွက်တဲ့အထိ

mgyoe.com

mgyoe.com SAMPLE BOOK

အကြိမ်ကြိမ် အခါခါ လက်ပြလိုက်၊ ခေါင်းညွှတ်လိုက်ဖြင့် အော် ကာဟစ်ကာ နှုတ်ဆက်နေပါလေရော။ ဒေါ်စိုးကတော့ ဗျစ်တောက်ဗျစ်တောက် ပြောပါတော့တယ်။

"သေနာတွေ… အကုန် ရေထဲကျ သေကုန်ဦးမယ်၊ ငါ့မှာ တစ်လမ်းလုံး ဘုရားတ,လာရတယ်၊ သိပ်လွယ်တဲ့ဟာတွေ မဟုတ်ဘူး၊ အခု ကောင်းနေရင်းက ထသတ်ချင် သတ်ကြတာ"

"ဒီလောက် မဟုတ်ပါဘူး အဒေါ်ရယ်၊ ကျွန်တော်နဲ့ ဘာမှ မဖြစ်ပါဘူး"

"အဲဒီ မဖြစ်လို့ တော်သေးတာပေါ့၊ မင်းမလည်း ရွာရောက်မှ သောက်ပါလေ့ကွယ်၊ မတော် ရေထဲ ပြုတ်ကျလို့ ဒုက္ခဖြစ်ရချည်ရဲ့၊ ခက်တယ် ခက်တယ်"

ဒေါ်စိုး ပြောပြီးတော့ ကျွန်မလည်း အစ်ကိုဖြိုးကို ရန်ကုန် ရောက်ရင် လေးလေးနဲ့ တိုင်မယ်လို့ ခြိမ်းခြောက်ရပါတယ်။ သူကတော့ ကျွန်မ စကားကို ရယ်မောပြီး–

"နင်ဟာလေ… တကယ်ကို မုဆိုးဖို အရက်သမားနဲ့ ညားမယ့် ဟာလေး"

လို့ ပြောပါတယ်။

"အင်းပါ အင်းပါ… အဲဒါလည်း လေးလေးကို တိုင်မှာပဲ"

ကျွန်မတို့ စကားပြောနေချိန်မှာလည်း အစ်ကိုဖြိုးကို နာမည် အော်ခေါ်နေပြီး လက်လှမ်းပြနေတဲ့ လှေကလေးတစ်စင်း ရောက်လာပါရော။

"ဟေး… ကိုဖြိုး တကယ်လာပြီလားကွ၊ ဟန်ကျပြီဟေ့"

"အဲဒါကလည်း တစ်ဒုက္ခ၊ ဟွန်း… ငါ့နှယ်"

ဟု ဒေါ်စိုးက ညည်းညူပြီး အိမ်ပေါ် တက်သွားပါတော့တယ်။ လက်ပြ နှုတ်ဆက်သူက ဒေါ်စိုးရဲ့ မောင်ဖြစ်သူ ဦးဝင်းလှိုင်ပါ။ သူက ရန်ကုန်ကို မကြာမကြာ အလည်လာဖူးပါတယ်။ လာတိုင်း လာတိုင်း အစ်ကိုဖြိုးနဲ့ အဖွဲ့ကျနေသူပါ။ သူက သူ့ရွာကို အလည်လိုက်ဖို့ ခဏခဏ ခေါ်ပေမယ့် အခုမှ အလည်လိုက်လာတဲ့ အစ်ကိုဖြိုးကို ဝမ်းသာအားရ နှုတ်ဆက်ပါလေရော။

"လာဟေ့ ကိုဖြိုး… လှေပေါ် တက်ကွာ၊ လယ်တဲဘက် သွားရအောင်လို့"

"ကောင်းသားပဲ"

mgyoe.com

mgoe.com  SAMPLE BOOK 

အစ်ကိုဖြိုးက နှစ်ခါ မခေါ်ရ။ သူ့ကျောပိုးအိတ်ကို ကျွန်မ လက်ထဲ ထိုးထည့်ပြီး လှေကလေး ထိုးဆိုက်လာတဲ့ ဘက်ကို ထွက်သွားပါတော့တယ်။ မှုးကြပေဦးတော့မယ်။ ကျွန်မလည်း ဆက်ပြောနေလို့ မထူးမှန်း သိနေတာမို့ အိမ်ပေါ် တက်ခဲ့ပါတယ်။ ဒေါ်စိုးတို့ အိမ်ကြီးက နှစ်ထပ် ပျဉ်ထောင်အိမ်ကြီး ပါ။ ဆောက်ထားတဲ့ ပုံစံက ရှည်မျောမျောကြီးမို့ ကျွန်မ မျက်စိထဲ ဆန်းနေပါ တယ်။ ခေါင်မိုးကိုလည်း အိမ်ဘေး နှစ်ဖက်ကို ချထားပြီး ကျွန်မတို့ အညာ မှာလို အရှေ့ အနောက် ပုံစံမျိုး မဟုတ်ဘူး။ အောက်ခြေကတော့ အုတ်ဖိနပ်နဲ့ မြှင့်ထားပါတယ်။

"လာ လာ… ညီမ၊ ထမင်း တစ်ခါတည်း စားရအောင်"

"ဟယ်… မမထွေးလည်း ရောက်နေတယ်"

"အေးလေ… နတ်စားမယ်ဆိုတော့ လူစုံရတာပေါ့၊ ကဲ လာ… နောက်ဖေးကို ပေး ပေး၊ အဲဒီအိတ်အပေါ်မှာ တင်ပေးမယ်"

အဒေါ်စိုးရဲ့ တူမဖြစ်တဲ့ ကျောင်းဆရာမ ထွေးထွေးက ကျွန်မဆီက အိတ်ကို ယူပြီး အပေါ်ထပ် တက်သွားပါတယ်။ ကျွန်မ မီးဖိုခန်းထဲ ရောက် တော့ ထမင်းပွဲက အဆင်သင့် ဖြစ်နေပါပြီ။ ခဏနေတော့ မထွေးထွေးလည်း ရောက်လာပြီး ထမင်းလက်ဆုံ စားကြ၊ စကားတွေ ပြောကြပါတော့တယ်။ မထွေးထွေးလည်း ကျောင်းကိစ္စနဲ့ ရန်ကုန်ကို မကြာခဏ လာဖူးသူပါ။ သူက ခရမ်းမြို့ပေါ်မှာ ဆရာမ လုပ်နေပါတယ်။

ကျွန်မ ထမင်းစားရင်းနဲ့ ဒီလို မိသားစု စုံတဲ့အဖြစ်ကို တွေးရင်း အမေ့ကို သတိရလိုက်တာ။ အမေက ထမင်းစားပြီ ဆိုရင် ကျွန်မကို အမြဲတမ်း စောင့်နေကျ။ ကျွန်မ ရေမိုးချိုးပြီး သနပ်ခါးလူးနေရင်လည်း စောင့်ပေးတာပဲ။

"ဟဲ့… ကြည်မာ၊ ထည့်စားလေ၊ ဘာငေးနေတာလဲ"

ဒေါ်စိုးက ကျွန်မ ပန်းကန်ထဲကို ငန်းသားဟင်း ခပ်ပေးပြီး တိုက်တွန်း ပါတယ်။ မထွေးထွေးကလည်း ငါးခြောက်ဖုတ်တွေ ထည့်ပေးပါတယ်။

"ငါ့ညီမက တကယ့်ကို လှလာတာဟေ့၊ နဂိုကလည်း အသားဖြူ တော့ အညာသူဆိုတာ ကျိန်ပြောမှ ယုံတော့မယ်"

"အမယ်လေး… သူတို့ သင်တန်းက ဟာတွေ နှင့် ခေါ်ပြချင်တယ်၊ လူမှ ဟုတ်ရဲ့လားပဲ၊ ငါ့မှာ ဒီလို အလှပြင်ဖို့ တွေးတောင် မတွေးမိပါဘူး၊

mgoe.com

mgyoe.com SAMPLE BOOK

တို့ခေတ်မှာတုန်းကလည်း ဒီလောက် ဆန်းတာတွေ မရှိဘူးဟဲ့၊ အခု ဘာတဲ့၊ ကြွေမိတ်ကပ်ဆိုလား ဘာလား ဈေးက ထောင်ချီနေတာတဲ့၊ အံ့ပါရဲ့တော်"

"ဟွန်း… ဒေါ်စိုးကလည်း၊ ဈေးသက်သာတာတွေလည်း ရှိပါတယ်၊ အဲဒါတွေက သူဌေးတွေ သုံးတာပါ၊ ကြည်မာတို့ သုံးတာက အပေါစားတွေ၊ ပြီးမှ မထွေးကို ပြင်ပေးမယ်၊ ကြည်မာ ယူလာတယ် သိလား"

"အမယ်လေးတော်… ကျုပ် မပြင်ရဲပါဘူး၊ နေရင်းထိုင်ရင်း ဘယ့်နှယ်…"

"အိုအေ… ညည်း ပြင်ခံလိုက်စမ်းပါ၊ ဟဲ့… ကြည်မာ၊ ဟိုသင်းပါသလား၊ ဓာတ်ပုံစက် ဆိုတာလေ"

"ကင်မရာပါ ဒေါ်စိုးရဲ့၊ ပါပါတယ်၊ အစ်ကိုဖြိုး လာတော့ ရိုက်ပေးမှာပေါ့"

"ညည်းဘာသာ ရိုက်ပါအေ၊ သူ့ စောင့်နေရင် ခုနစ်စဉ်ကြယ် အမြီးထောင်တောင် ပြန်ရောက်မှာ မဟုတ်ဘူး"

"နေပါဦးဟယ်၊ ငါ ပြောပါရစေဦး၊ နင်တို့ဟာတွေ ငါ မပြင်ချင်ပါဘူး"

မထွေးထွေးက ငြင်းပါလေရော။ ကျွန်မကတော့ လက်စွမ်းက ပြချင်ချင်မို့ မရမက စည်းရုံးပါတော့တယ်။

"ပြင်ကြည့်ပါ မထွေးရဲ့၊ တကယ် ပြောတာ၊ မထွေးကို လှအောင် ပြင်ပေးမယ်၊ ကြည်မာ ပြင်တတ်နေတာ ပြချင်လို့ပါ"

"ကြည်မာ့ဘာသာ ပြင်ကွယ်"

"အာ… ကြည်မာက နေ့တိုင်း ပြင်နေတာ၊ မထွေးကို ပြင်ပေးချင်လို့ ယူလာတာ"

နောက်ဆုံး ဒေါ်စိုးရော၊ အိမ်က လူတွေကပါ တိုက်တွန်းကြလို့ မထွေးထွေး ငြင်းမရတော့ဘူး။ ထမင်းစားပြီးတော့ မထွေးကို မျက်နှာသစ်ဆေးနဲ့ မျက်နှာ အရင်သစ်ပေးပါတယ်။ ပြီးတော့ ဓာတ်ပုံ အရင် ရိုက်မယ်လုပ်တော့ မထွေးထွေးက ငြင်းနေလို့ ရှင်းပြရပြန်ရော။ မပြင်ခင်ပုံနဲ့ ပြင်ပြီးပုံကို ယှဉ်ပြမလို့ ဆိုတော့မှ ရှုပ်နေတာပဲတဲ့။ ငါတော့ အရှက်ကွဲတော့မှာ ပဲတဲ့။ အပျိုကြီးဟန်နဲ့ စိတ်ရှုပ်သွားပါတယ်။

□

mgyoe.com

mgyoe.com

"ဒီမှာ ဦးလေးဝင်း... ဘဝမှာ ဘာမှ များများမလိုဘူးဗျ၊ သစ္စာရှိတဲ့ မိတ်ဆွေ တစ်ဦး၊ ပြီးတော့ ကိုယ်ရေးကိုယ်တာ၊ ဒါပဲလေ... မိတ်ဆွေရှိရင် ပြီးရောဗျ"

"ဟုတ်တာပေါ့ ကိုဖြိုးရာ၊ မင်း လာတာ ငါ သိပ်ဝမ်းသာတယ်၊ ဒါမှ ဓမ္မစစ်၊ မိတ်ဆွေစစ်ကွ၊ ကဲ... စားဟော့"

သူတို့ ထမင်းဝိုင်းကို ကြည့်ပြီး ဘေးနားက ဖိုးချွဲက ပြုံးနေပါတယ်။ နှစ်ယောက်စလုံး ခေါင်းယမ်းတဲ့အထိ အရှိန်တက်နေပေမယ့် လက်ထဲမှာ ခွက်က ကိုင်ထားဆဲပါ။ ဒေါ်စိုးက ရွာထဲ အလည်ထွက်သွားလို့ ကျွန်မနဲ့ မထွေးထွေးက သူတို့ ပြန်အလာကို စောင့်ပြီး ထမင်း ပြင်ကျွေးနေတာပါ။ လှေဆိုက်တဲ့အချိန်မှာ မြင်လိုက်ရတဲ့ အခြေအနေကိုက အတော်ကို ဆိုးနေပါပြီ။ ချောင်းရိုးထဲမှာ ဘယ်နှခါလောက် ရေထဲ ထိုးချလာမှန်း မသိဘူး။ နှစ်ယောက် စလုံး ရေတွေ စိုရွှဲနေပါတော့တယ်။ ဖိုးချွဲ လိုက်သွားလို့သာ ဆိုက်ဆိုက် မြိုက်မြိုက် ပြန်ရောက်လာကြတာပါ။ ဖိုးချွဲက ဦးလေးဝင်းလှိုင်ရဲ့ အငယ်ဆုံး သား ဖြစ်ပြီး ဆယ်နှစ်အရွယ်ပဲ ရှိပါသေးတယ်။

"ဒီမှာ သား... ဖိုးချွဲ၊ မင်း မှတ်နော်၊ ဒါ မင်းရဲ့ အစ်ကို၊ မင်းရဲ့ အစ်ကို၊ သူ ပြောတဲ့စကားတွေ မှတ်ထား၊ ဘဝကို ပုံသေမတွက်နဲ့၊ ဘဝကို ဘယ်တော့မှ ပုံသေမတွက်နဲ့၊ ကြားလား"

"ရှိသေးတယ် ဦးလေးဝင်း၊ ဘဝကိုလည်း ပုံသေမတွက်နဲ့၊ ဓနကို လည်း ဂုဏ်ရွှေ မဖက်နဲ့၊ အလှကိုလည်း အပိုတွေ မချဲ့နဲ့ ပြီးတော့... အရက် ကိုလည်း... အင်း... အရက်ကိုလည်း..."

"မသေချင် မသောက်နဲ့"

"ဘာကွ"

ဖိုးချွဲလေး ထောက်ပေးလိုက်တဲ့ စကားကြောင့် ကျွန်မရော၊ မထွေးထွေး ပါ အသံမထွက်ဘဲ ကျိတ်ရယ်ကြပါတယ်။ ဦးလေးဝင်းလှိုင်က ဖိုးချွဲကို ပိတ်ဟောက်လိုက်ပြီး-

"သေစကား မပြောနဲ့ ငါ့သား၊ သေစကား မပြောစမ်းနဲ့ကွာ၊ အဲဒီ သေဆိုတဲ့ စကားလုံးကို အဖေ မကြားချင်ဆုံးဘဲ၊ မင်း အမေလေ... မင်းအမေ အဖေ့ကို ခွဲသွားတာ အဲဒီသေစကားပဲကွ၊ အဖေတို့ကို ခွဲသွားတာကွ"

"ပြောပါစေ ဦးလေးဝင်းရာ၊ ကလေးကို မဆူပါနဲ့ဗျာ"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟာ… ဟာ ဟ မင်း ဘာမှ မသိဘူး ကိုဖြိုး၊ မင်း ဘာမှမသိဘူး၊ မင်းမှ မိန်းမ မရှိဘဲ၊ ဒါတွေ မင်း မသိဘူး၊ လောကကြီးမှာလေ"

ဦးလေးဝင်းလှိုင်က စကားဖြတ်ပြီး လက်ထဲက အရက်ခွက်ကို မော့ချလိုက်ပါတယ်။ ပြီးတော့ မျှစ်ချဉ်ဟင်းကို ခပ်သောက်ပြီး-

"ကျွတ်… ဒီလောကကြီးမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးဖို ဖြစ်ရတာ သိပ်ကံဆိုးတယ်ကွာ၊ မုဆိုးမ ငယ်ရင်သာ လူတွေက ဂရုစိုက်တာကွ၊ ဟော့… ဒီမှာ မုဆိုးဖို ငယ်ရင် သတိထားကြတဲ့၊ မင်း ဘယ်လောက် ရင်နာစရာလဲကွာ၊ ဟင်…"

"ကဲပါဗျာ… အဲဒါတွေ ထားလိုက်စမ်းပါ၊ မေ့ထားလိုက်စမ်းပါ၊ ကျွန်တော် ဒီလိုက်လာတာ သဘာဝတရားကြီးကို တွေ့ချင်လို့၊ မြို့ပြရဲ့ ပကာသန တွေထဲက မွန်းကျပ်မှုတွေကို ဆက်မခံစားနိုင်တော့လို့၊ ပြီးတော့…"

"ပြီးတော့ အိမ်မှာ တစ်ယောက်တည်း ထမင်းငတ်မှာစိုးလို့၊ ဟွန်း…"

လို့ ကျွန်မ ဝင်ပြောပြီး သူတို့ လက်ထဲက အရက်ခွက်တွေ ဝင်သိမ်းပါတယ်။ သူတို့က ချက်ချင်းမပေးဘဲ၊ ဟဲ့ ဇွတ်မလုပ်နဲ့၊ မှောက်ကုန်ရင် နှမြောစရာကြီးတဲ့။

"အစ်ကိုဖြိုးနော်… သူများအိမ်ဆိုတာ အားနာဦး၊ အဲဒီလိုဆို ကျွန်မ တို့ မနက်ဖြန် ပြန်တော့မယ်၊ တစ်ခါတည်း မပြောလိုက်ချင်ဘူး"

"ကျွတ်… နင်ဟာလေ… ကဲ ကဲ၊ ရော့ ရော့ ရော့၊ အမယ်လေး သူ့ပဲ ကြောက်နေရတယ်၊ အရက်ကလေးမှ ဝအောင် မသောက်ရတဲ့ ဘဝ ပါလား"

□

အစ်ကိုဖြိုးတစ်ယောက် နှစ်ရက်လုံးလုံး ဖျားနေပါတယ်။ အပေါ်ထပ် ဝရန်တာ တစ်ခုလုံး သူ့ကို ပေးထားလိုက်ရပြီး သူ့နားကို ဘယ်သူမှ မကပ်ရပါဘူး။ အရက်လည်း မသောက်။ အစားကိုတော့ ပန်းကန်မှာ ဇွန်းတပ်ပြီး ပို့ပေးရတယ်။ ရေမချိုး မိုးမချိုးနဲ့ ဆံပင်ကိုလည်း ကျွန်မဆီက ဘီးကုပ်ငှားပြီး ကုပ်ထားပြန် ရဲ့။ ကျွန်မ သူ့ကို ဤအချိုးမျိုးနဲ့ တစ်ခါမှ မတွေ့ဖူးပါ။ တစ်ချိန်လုံး မှူးနေ တဲ့ဟန်မျိုး ပျောက်ဆုံးနေသဖြင့် စိတ်ထဲ တစ်ခုခု လိုနေသလား ထင်မိပါရဲ့။

mgyoe.com  SAMPLE BOOK 

သူ့ပန်းချီကို အကြမ်းထည် လက်စသတ်ပြီးချိန်မှာတော့ ကျွန်မနဲ့ ဖိုးချွဲတို့ ဒုက္ခ ကြီးမားပါတော့တယ်။ သူက သူ့ပန်းချီကို ကြည့်ခိုင်းလို့ပါ။ ဝေဖန်စမ်းပါဟု ဆိုလေပြီ။

"ဒီမှာ… မင်းတို့ ပြောတတ်သလို ပြောကွာ၊ ငါက နကန်းတစ်လုံးမှ နားမလည်တဲ့ လူတွေရဲ့ ပန်းချီအမြင်ကို လိုချင်တာ၊ မင်းတို့ မြင်တာကို ပြော၊ ငါ စိတ်မဆိုးဘူး"

"လှေပေါ်မှာ မိန်းမကြီးတွေ ထိုင်နေတယ်ဗျ၊ ဘာတွေ စားနေကြ"

"ဟင်… အစ်ကိုဖြိုး ချောင်းရေကလည်း အမည်းရောင်ကြီး၊ ရေ မည်းဘဲဟာ၊ ရွှံ့ရောင်ဆို တော်သေးတာပေါ့"

… ပြောပါဦး"

… သူတို့က ဘာလို့ အောက်ဘက် နှိမ့်နေရတာလဲ"

ဗျာဘူးဆိုတာမှ

ကြိုက်တာ၊ ဒီလိုကွ· တို့ဘေးနားက မော်တော်ပေါ်မှာ မိန်းမကြီး ယေးယောက် ထမင်း ပုင်းဖွ့နေတယ်၊ ငါက မော်တော်ခေါင်မိုးပေါ်မှာ ဆိုတော့ သူတို့ ထမင်းဝိုင်းကို အပေါ်စီးကနေ မြင်နေရတယ်၊ ဒီမှာ တွေ့လား၊ ဒီဘက်အစွန်ဆုံးက မိန်းမကြီးက စစ်သဘက်ကြီး ခေါင်းပေါင်းထားတယ်၊ ကော်ကိုင်းမျက်မှန်ကြီးနဲ့၊ သူ့ရှေ့က မိန်းမကြီးက ဘမင်းချိုင့် အဖုံးလေးနဲ့ ကတ်သီးကတ်ဖွဲ့ ထမင်းစားနေတယ်၊ ကေန္တ ဒီထဲမှာ သူက အငယ်နေမယ်၊ ဘေးနားက မိန်းမနှစ်ယောက်ကတော့ ပန်းကန်ပြားတွေ ပါတယ်၊ ဒါဆို သူတို့ဟာ ဈေးသွားဈေးပြန် လုပ်နေကျ ဖြစ်မယ်၊ နင်တို့ စဉ်းစားကြည့်စမ်း၊ ဒီလေးယောက် ဆုံပြီး ဒီမော်တော်လေးပေါ်မှာ ထမင်းလက်ဆုံ စားဖြစ်ဖို့ဆိုတာ ကြုံတောင့်ကြုံခဲပဲ၊ သူတို့ ထမင်းစားနေပုံဟာ ဘာအပူအပင်မှ မရှိဘူး၊ ငါ မြင်ဖူးသမျှ ထမင်းဝိုင်းတွေထဲမှာ ပကာသနအကင်းဆုံး ထမင်းဝိုင်း ပဲ၊ ဒါကြောင့် ငါ ဆွဲတာဟ"

"ဟင်… အစ်ကိုဖြိုးကလည်း၊ မော်တော်ပေါ်မှာ သူတို့ချည်းမှ မဟုတ်တာ၊ ကျန်တဲ့လူတွေ ပါသေးတယ်လေ၊ နောက်က ဟာတွေက ဘာလို့ မည်းနေရတာလဲ"

mgyoe.com

"ဟ… တွေ့သမျှ အကုန် ရုပ်လုံးဖော်ပြနေရင် နင့်ဟာ ဓာတ်ပုံ ဖြစ်နေမှာပေါ့၊ သင်္ကေတလောက်ဆို တော်ပြီပေါ့ဟ၊ ရေမည်းနေတာ ငါ ပြောရဦးမယ်၊ ဒီရေက သောက်လို့ မရဘူးလေ၊ ကြည်လည်း မကြည်ဘူး၊ ဒါကြောင့် အမည်းရောင်ကို ယူတာ"

"ဒါဆိုလည်းဗျာ… အမည်းရောင်လှေဆိပ်လို့ နာမည်ပေးလိုက်ပေါ့၊ လှေဆိပ်နာမည်နဲ့ ဘယ်လိုက်ပါ့မလဲ"

"လှေဆိပ်က မမည်းပါဘူးကွ၊ ရေတွေကသာ မည်းတာပါ၊ လှေဆိပ်က ဖြူတာမှ ဖြူစင်လွန်းလို့ ကမ္ဘာပေါ်မှာ အဖြူဆုံးလှေဆိပ် ဖြစ်လိမ့်မယ်"

"မဟုတ်တာဘဲနဲ့ဗျာ"

"မင်းက ငယ်သေးတော့ ဘယ်နားလည်ပါ့မလဲ၊ တောသူတောင်သား တွေဟာ ဖြူစင်တယ်ကွ၊ ရိုင်းချင် ရိုင်းမယ်၊ ဆိုးချင် ဆိုးမယ်၊ ဒါပေမဲ့ သူတို့ ဝမ်းစာရှာတာ ဖြူစင်ပါတယ်"

"အစ်ကိုဖြိုးက အခုလိုကျတော့လည်း တယ်ဟုတ်ပါလား၊ ဒီလိုပဲ အမြဲနေပါလား၊ လေးလေး သိရင် သိပ်ဝမ်းသာမှာပဲ"

"ပန်းချီဆွဲနေချိန်မှာ ငါ သူတော်စင်ပဲ"

လို့ ပြောပြီး သူ ပန်းချီကို ဆေးထပ်ဖြည့်ဖို့ ပြင်ပါတယ်။ ကျွန်မလည်း ဒေါ်စိုးကို ကူဖို့ မီးဖိုခန်းထဲ ဆင်းလာခဲ့ပါတယ်။ ဒေါ်စိုးက–

"ဟဲ့… ဘယ်လိုလဲ" လို့ မေးတော့–

"အခုတော့ ငြိမ်နေတာပဲ ဒေါ်စိုးရေ၊ တော်ကြာရင်တော့ မပြောတတ် ဘူး"

"မောင်မင်းကြီးသား… ဆက်မသောက်ပါစေနဲ့တော့ကွယ်၊ ဟိုးတုန်း ကလည်း ပန်းချီဆွဲရင် လူက အကောင်း၊ တစ်လ ကိုးသီတင်း နေနိုင်သားဟဲ့"

"သူက အဲဒါတွေ ဆွဲပြီး ဘာလုပ်သလဲ ဒေါ်စိုး"

"ဆွဲပြီး ဘာလုပ်ရမလဲ၊ အပေါ်က ထပ်ခိုးမှာ ထိုးထည့်ထားတာပေါ့၊ တစ်ခါတလေတော့ မြို့ထဲမှာ ပြပွဲဆိုလား လုပ်တယ်အေ၊ ငါတော့ တစ်ခါမှ လိုက်မကြည့်ဖူးပါဘူး၊ သူတို့ တစ်အုပ်စုလုံးကလည်း သူလိုလူတွေချည်းပဲ၊ အိမ်မှာ လေး ငါးခါ တွေ့ဖူးပါတယ်၊ တစ်ခါတော့ ငါ့မှာ လန့်တောင်သွား တယ်၊ နောက်ဖေးမှာ ငါ ငါးကိုင်နေတုန်း တံခါးဝကနေ မျက်လုံးကြီး ပြူးပြီး လာကြည့်နေတာဟဲ့၊ ငါ လန့်အော်တော့မှ ပန်းချီဆွဲမလို့တဲ့၊ အဲဒီလိုဟာတွေ…"

mgyoe.com

"အင်း… ကျွန်မလည်း ပန်းချီဆွဲခိုင်းဦးမယ်"

"အမယ်လေး… ဆွဲပေးပါလိမ့်မယ်၊ ဆွဲပေးပါလိမ့်မယ်၊ တစ်ခါကများ ခြံရှေ့က မော်မော်တို့ သူ့ဆီ လာပြီး ပုံတူအပ်ပါရောလား၊ ပြောပစ်လိုက်တာများ နှစ်ပြားမတန်ဘဲ၊ ဘာတဲ့… အပုပ်ကောင်ကို ရုပ်ဆောင်နေတာဆိုတာလည်း ပါရဲ့၊ ဟို… သူ ပြောနေကျ ကိုယ်ရေပြား အတွဲဆိုလား… ဘာလား"

"ကျွန်မကိုတော့ ဆွဲပေးမှာပါ၊ ဟုတ်တယ်၊ ပန်းချီက တစ်ခါပဲ ဆွဲလို့ရတာ၊ ဆွဲခိုင်းပြီးရင် အမေ့ဆီ ပို့ရမယ်၊ နေဦး… ရန်ကုန် ရောက်မှ အလှဆုံးပြင်ပြီး ဆွဲခိုင်းဦးမယ်"

□

ကြည်မာ အမောဖောက်နေသည်။ အသက်ကို ခက်ခက်ခဲခဲ ရှူသွင်းနေရသည်။ တစ်ခါတစ်ရံ သူ့ရင်အစုံ မို့မောက်တက်လာပြီး ပါးစပ်ကို အဆက်မပြတ်ဟ၍ လေရှူသွင်းသည်။ ရေနံ့ဆီမီးခွက်၏ အလင်းဖျော့ဖျော့တွင် သူနှင့်သေမင်း စစ်ခင်းနေသည်ကို မရှုမလှ ကျွန်တော် မြင်နေရသည်။ ဘာမှတော့ မတတ်နိုင်ပါ။ စောစောက အကြောဆေးတစ်လုံးကို ခက်ခက်ခဲခဲ ထိုးပေးရသည်။ လက်မှ အကြောများကို ရှာနေချိန်မှာပင် ကြည်မာတစ်ယောက် ရုန်းထိုးတွန်းကန်နေသဖြင့် တော်တော်နှင့် အလုပ်မဖြစ်။

ကြည်မာ၏ နှလုံးသည် အဆမတန် အလုပ် လုပ်နေလွန်းသဖြင့် သွေးလွှတ်ကြောများ ပေါက်ကွဲပျက်စီးလု အခြေအနေသို့ ရောက်နေပြီ။ ထို့ကြောင့် လူက မောနေပြီး ရင်ဘတ် ခုန်နေ၏။ သွေးကြောများ ခုန်နေ၏။ မဖြစ်မနေ လိုအပ်သည်မှာကား ယခုပင် အရေးပေါ် ခွဲစိတ်ကုသမှု ခံယူဖို့ ဖြစ်သည်။ သို့ရာတွင် ကျွန်တော့်ဆန္ဒသည် မည်ကာမတ္တ ဆန္ဒသာ ဖြစ်၍ လက်ရှိအခြေအနေကို နားလည်နေသည့်အတွက် ကြည်မာ၏ ခရီးဆုံးကို ကြည့်ရှုနေရုံသာ တတ်နိုင်ပါသည်။

ကျွန်တော့် စိတ်ကူးကား ရန်ကုန်မြစ်၏ တစ်ဖက်ကမ်းသို့ ရောက်သွားပြန်သည်။ အထူးကုဆေးခန်းကြီးများ၊ နှလုံးခွဲစိတ်အထူးကု သမားတော်ကြီးများ၊ ခွဲစိတ်ခန်းကြီးများ၏ သားနားခံ့ညားသည့် ပစ္စည်းကိရိယာများ၊ ဆေးဝါး

mgyoe.com

တန်ဆာပလာများ၊ ငွေများများ တတ်နိုင်သူတို့၏ ကြွယ်ပိုးကြွယ်ဝ အပြုံးများ၊ သေမင်းကို ဝင်ခွင့်မပြုသော အထူးခန်းများ . . . ။

ကျွန်တော့် ခန္ဓာကိုယ်ကြီးသည်ကား ရန်ကုန်မြစ်၏ ဤမှာဘက်ကမ်းဖြစ်သော ဒလမြို့လေး၏ လက်တက် ဖြစ်သည့် ပျော်ဘွယ်လေး ကျေးလက်မှ ဇနပုဒ်ငယ်ထဲတွင် ရပ်လျက်ရှိသည်။ ရေနံဆီမီးခွက်မှ အလင်းမှာ ဘယ် ညာ ယိမ်းနေ၏။ သေမင်းက အပေါ်စီးမှ တရစပ် ဖိထိုးသည်ကို အလူးအလိမ့် ခံနေရသည့် မိကြည်မာ၏ ရှေ့၌ လက်မှိုင်ချနေရသည်။ အဒေါ်ကြီးက ကြည့်ပါဦး. . . လုပ်ပါဦး. . . ပြောသည့်တိုင် ကျွန်တော် ခွန်းတုံ့မပြန်တော့။

ခဏအကြာမှာတော့ သူ့အသက်ရှုသံမှာ ပုံမှန်ပြန်ဖြစ်သွားသည်။ ကျွန်တော်လည်း ထွက်လာခဲ့တော့သည်။ ကျွန်တော့်အတွေးမှာတော့ မျှော်လင့်ချက် လျော့ရဲနေပါပြီ။ ဤသည်မှာ ရောဂါ၏ အရိပ်လက္ခဏာကို မျက်မြင်အတိုင်း ကောက်ချက်ချခြင်းသာ ဖြစ်ပါသည်။ ကျွန်တော် မည်မျှ ဆွဲယူထားစေကာမူ လူနှင့် ရောဂါတို့၏ ပဋိပက္ခမှာ အမြင့်ဆုံးအချိန်ကို ရောက်နှင့်လေပြီ။ ခွဲစိတ်ကုသသည်မှတစ်ပါး ဘာမှ မတိုးပေါက်တော့။ ကျွန်တော့်မှာ ထိုစွမ်းပကားများ မရှိ။ လိုအပ်သည့် သွေး မရှိ။ ကိရိယာ မရှိ။ ဆေးဝါးမရှိ။ ကျွန်တော့်ထက် ရောဂါက ပိုရင့်သီးသည်။ စွမ်းပကား မြင့်နေသည်။ မရမနေ အသက်ကို နုတ်မည့်ဟန် ကဲနေ၏။

ကြည်မာနှင့် ပတ်သက်၍ တခြားသော စိတ်မချမ်းမြေ့ဖွယ်ရာ အကြောင်းတချို့လည်း ကျွန်တော့်မှာ ရှိနှင့်နေသေးသည်။ မနက်က မြို့ထဲတွင် ကြုံခဲ့ရသော အကြောင်းတချို့ ဖြစ်ပါသည်။ ကျွန်တော်၏ ဆရာဖြစ်သော သမားတော်ကြီး ဦးကြည်နိုင်အား ကြည်မာနှင့် ပတ်သက်၍ စကားစပ်မိရာမှ ကြည်မာ၏ သူဌေး(လေးလေး)နှင့် ဆရာဦးကြည်နိုင်တို့ ရင်းနှီးကျွမ်းဝင်သည်ဟု သိရသည်။ ထို့အပြင် ကြည်မာ့ကို ဆရာဦးကြည်နိုင် သိနှင့်နေသည်။ ဆရာ သိနှင့်ပုံက ကျွန်တော့်အဖို့ အရှက်ရစေသလို၊ လက်လျှော့စေလိုသည့် သဘောမျိုးလည်း ဆရာ့မှာ ရှိနှင့်နေ၏။ ကြည်မာ မည်မျှ ဆိုးခဲ့ကြောင်းကို စိတ်ပျက်စွာ ကျွန်တော် သိခဲ့ရသည်။ ကျွန်တော့် လူမမာသည် အဘက်ဘက်ကပင် ကျရှုံးချိန်တန်နေပါရော့လား။ ကျွန်တော် မျှော်လင့်သည်က ဆရာဦးကြည်နိုင်မှတစ်ဆင့် လေးလေးထံမှ ကူညီထောက်ပံ့ပါမည့် လိုအပ်ချက်မျိုး။ ဖြစ်နိုင်လျှင် ခွဲစိတ်ကုသရန် ငွေချေးပါမည်လားဟူသည် စကားတွေ ပြောခဲ့သည်။ ကျွန်တော် ရလာသည်က

mgyoe.com

mgyoe.com

ကြည်မာ့ကို သူ့ထိုက်နဲ့ သူ့ကံဟု သဘောထားစေလိုသည့် ပြန်ကြားချက်မျိုး။ ကြည်မာ ဖြတ်သန်းခဲ့သော ဘဝဖြစ်စဉ်တချို့ကို ပြောပြသည်။ သုံးသပ်ပြသည်။ ကြည်မာသည် ဘဝမေ့သည်တဲ့။ သစ္စာမဲ့သည်တဲ့။ ကျေးဇူးကန်းသည်တဲ့။ မောက်မာခဲ့သည်တဲ့။ သူ့ပျက်စီးခြင်းကို သူ့ဘာသာ ရွေးချယ်ခဲ့သည်တဲ့။ ရသမျှဖြင့် မရောင့်ရဲဘဲ အလိုရမ္မက်ကြီးလွန်းသည်တဲ့။ အသနား အညှာတာ ကင်းခဲ့သည်တဲ့။ သည့်ထက် သည့်ထက် ပိုသော စကားများကို ပွေ့ပိုက်ပြီး ကျွန်တော် ပြန်လာခဲ့ရသည်။ ရန်ကုန်မြို့ကြီးကပင် ကြည်မာ့ကို ကြဉ်လိုက်ပြီဆိုပဲ။ ကြည်မာ ကျင်လည်ခဲ့ရာ ဝန်းကျင်မှ လူအားလုံး ကြည်မာ ဆိုလျှင် မုန်းကြသည်တဲ့။

ကြည်မာ့မှာ အပြစ်မရှိပါဟု ကျွန်တော် မဆို။

ကြည်မာနှင့် ပတ်သက်၍ တစ်ခုချင်း၊ တစ်ကန့်ချင်း ကျွန်တော် ဆင်ခြင်သုံးသပ်ကြည့်မိသည်။ ကြည်မာ ပြောပြသည့် သူ့ဘဝအဖြစ်သနစ်များကို လည်းကောင်း၊ ဆရာဦးကြည်နိုင် ပြောပြသည့် ကြည်မာ့ ဇာတ်ရုပ်များကိုလည်းကောင်း နှစ်မျိုး ရောစပ်၍ တွက်ကိန်းချကြည့်သောအခါ နှစ်ဖက်စလုံး မှန်နေသည်။ လေးလေးတို့ဘက်ကလည်း ဘဝ ဂုဏ်သိက္ခာအရရော၊ ခေတ်ပြိုင် စီးပွားရေးလုပ်ငန်းရှင်အနေဖြင့်ရော ကြည်မာ့ကို နောင်ကြဉ်အောင် ဆုံးမအပ်သည်။

ကြည်မာ့ဘက်က ကြည့်လိုက်ပါဦးစို့. . . ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အံကြိတ်ပြီး ကလဲ့စားချေလိုက်တယ်

သင်တန်း ဒုတိယနှစ်တစ်ဝက်မှာပဲ ကျွန်မဟာ သင်တန်းမှာ လက်ထောက် နည်းပြ ဖြစ်လာခဲ့ပါတယ်။ ဒါကလည်း စိတ်ဝင်စားမှုနဲ့ ဆိုင်ပါတယ်။ ကျွန်မ သင်တန်းတက်ခါစက စုစုပေါင်း ၅ ယောက် တက်ကြတာပါ။ ပထမ ၃ လမှာတင် နှစ်ယောက် ထွက်သွားတယ်။ သူတို့က ဆရာမရဲ့ အပြောအဆိုကို မခံနိုင်ကြဘူး။ ဆရာမကလည်း နည်းနည်းတော့ နှုတ်ကြမ်းတယ်ရှင့်။ ကြမ်းပုံကလည်း အလှပြင်ဖို့ လာတဲ့ ဧည့်သည်တွေ ရှေ့မှာတင် ပျစ်ပျစ်နှစ်နှစ် ကြမ်းတာမျိုး။

"ကောင်မနော်… မျက်နှာမှာ သနပ်ခါး ပေါင်မှာ သေးစီးကြောင်း နဲ့ မလုပ်နဲ့၊ သပ်သပ်ရပ်ရပ် နေစမ်း၊ (နင့်ပုံ ကြည့်ရတာ ကလေး ပျက်ကျလာတဲ့ ဗိုင်းနာမ ကျနေတာပဲ၊) ငါ မပြောလိုက်ချင်ဘူး"

နှုတ်တင် ကြမ်းတာလား ဆိုတော့ လက်ကလည်း ဒေါက်ခနဲ ရောက်လာတတ်ပါတယ်။ သူက ပညာသင်ပေးမယ် ဆိုကတည်းက အဆဲခံနိုင်၊ အဆူခံနိုင်၊ အခေါက်ခံနိုင်မှ ရမယ်လို့ ပြောပြီးသားလေ။ ဒီလောက် နှုတ်ကြမ်း၊ လက်ကြမ်းပြီး အသက် ၄၀ ကျော်နေပေမယ့် သူ့လင်ကျတော့ ယယ်ယယ်လေး။

mgyoe.com

ငယ်လိုက်သမှ အသက်က ထက်ဝက်လောက် ကွာတယ်။ ဆရာမက ပညာတော့ အရမ်းတော်ပါတယ်။ တစ်ခါတလေ သူ လက်ခံလိုက်တဲ့ သတို့သမီးကို ကြည့်ပြီး ကျွန်မတို့မှာ ထွက်တောင် ပြေးချင်တယ်။ ရုပ်က မလှရတဲ့အထဲ အသားကပါ မည်းညစ်ညစ်နဲ့ သတို့သမီးမျိုးကို ဆရာမ ကိုင်တွယ်လိုက်ရင် ကာယကံရှင်တောင် မေ့လဲမတတ် ဝမ်းသာသွားတယ်။ ဒီလို တော်အောင်လည်း ၁၅ နှစ်လောက် ပညာသင်ခဲ့ရတာကိုး။

သင်တန်းသူတွေ မကျေနပ်တာက ပညာသင်ရတဲ့အခါ သူတို့ အိမ်မှုကိစ္စတွေကိုပါ ဝိုင်းလုပ်ပေးရတာကိုပါ။ ဈေးဝယ်တဲ့နေ့၊ ဟင်းချက်တဲ့နေ့၊ အဝတ်လျှော်တဲ့နေ့၊ အိမ်သန့်ရှင်းရေး လုပ်ပေးရတဲ့နေ့ ဆိုပြီး ဂျူတီခွဲထားပါတယ်။ သူကတော့ ပြောပါတယ်။

"နင်တို့ ငါ့ဆီက သင်တန်းဆင်းပြီးရင် ကြိုက်တဲ့လင်ကို ခေါင်းခေါက်ယူရုံပဲ၊ အချက်အပြုတ် အိမ်မှုကိစ္စ လူမှုပေါင်းသင်းဆက်ဆံရေး အားလုံးတတ်ပြီးမှ ငါက လွှတ်မှာ၊ လွယ်လွယ်နဲ့တော့ ငါ့ပညာကို မပေးဘူး"

တကယ်လည်း မပေးပါဘူး။

ခေါင်းလျှော်တတ်ရုံ၊ ခြေသည်း လက်သည်း လှီးတတ်ရုံ၊ မျက်နှာကြေးချွတ်တတ်ရုံလောက်တော့ သင်ပေးပါတယ်။ ဒါတွေက အလှပြင်လုပ်ငန်းမှာ ထမင်းစားရရုံ ပညာတွေပါ။ တကယ် အလှပြင်တတ်ဖို့ ဆိုတာ ဆံပင်ပညာနဲ့ မိတ်ကပ်ပညာမှာတင် သင်လို့ မကုန်အောင် ပညာ ကျယ်ဝန်းပါတယ်။ ဒါကြောင့် ဆရာမ သင်တန်းက အောင်လက်မှတ် ပေးလိုက်ပြီးတဲ့ သင်တန်းသူတိုင်းဟာ ကိုယ်ပိုင်အလှပြင်ဆိုင် ကောက်ဖွင့်ရုံပါပဲ။ လူတွေဟာ အမြဲတမ်းလှပချင်ကြပါတယ်။ မစားရရင် နေနိုင်တယ်၊ မလှဘဲ နေလို့ မရတဲ့ လူတွေရှိနေသ၍ အလှပြင်ဆိုင်တွေကတော့ ဟန်ကျနေမှာပါ။

ကျွန်မကျတော့ ကိုယ်တိုင်လည်း လှချင်တယ်။ သူတစ်ပါး လှဖို့ကိုလည်း စိတ်ဝင်စားတယ်။ ကိုယ်နဲ့ ရွယ်တူတန်းတူတွေ အပြင်မှာ ကပိုကရိ သွားနေတဲ့အခါ ကျွန်မ သူတို့ကို လှအောင် လုပ်ပေးချင်မိတယ်။ သူတို့ဆံပင်လေးကို ဘယ်လို ပုံသွင်း၊ မျက်နှာကို ဘယ်လိုပြုပြင်၊ အဝတ်အစားကို ဘာဝတ်ပေးလိုက်မယ် ဆိုတာမျိုး အမြဲ ပုံဖော်ကြည့်ပါတယ်။

ဒါတွေဟာ ကျွန်မအတွက် သင်တန်းမှာ လက်ထောက်နည်းပြ ဖြစ်လာရတဲ့ အစက အခြေခံပါပဲ။

mgyoe.com

mgyee.com SAMPLE BOOK

သင်တန်း ပထမနှစ်အပြီးမှာ ကျွန်မနဲ့ စိတ်ကူးကိုယ်တူ အရှိဆုံး ဝင်းဝင်းခိုင် ထွက်သွားပါတော့တယ်။ သူ့ရည်းစားက လက်ထပ်ဖို့ အတင်းပူဆာနေလို့ ထွက်လိုက်တာပါ။ ဆရာမက သူ့ကို သိပ်ချစ်တယ်။ ရိုးတယ်၊ အေးတယ်၊ သည်းခံစိတ် ရှိတယ်၊ ဒါဟာ အလှပြင်ဆိုင် ဖွင့်နိုင်လောက်တဲ့ စာရိတ္တပဲတဲ့။ ယောက်ျား ရသွားပေမယ့် သင်တန်း ဆက်တက်ဖို့ တိုက်တွန်းပေမယ့် သူ့လူက ခွင့်မပြုတော့ပါဘူး။ သင်တန်းမှာ ကျွန်မ တစ်ယောက်ပဲ စွဲစွဲမြဲမြဲ ကျန်ခဲ့ပါတော့တယ်။ ကျွန်မတို့ နောက်မှာ လာတက်ကြတဲ့ သင်တန်းသူတွေကိုတော့ ဆရာမက သိပ်မပြောတော့ဘူး။ ပြီးတော့ သင်တန်းကာလကလည်း နှစ်နဲ့ချီပြီး မကြာတော့ဘူး။ ၃ လသင်တန်း၊ ၆ လသင်တန်း၊ တစ်နှစ်သင်တန်း ဆိုပြီး သုံးမျိုးပဲ ထားပါတော့တယ်။

"ဒီခေတ် ကလေးမတွေဟာ ပြောလို့ မကောင်းတော့ဘူးကွယ်၊ ပိုက်ဆံ ပေးမယ်၊ ပညာပေးပါ ဆိုတာမျိုးတွေ၊ ခေါင်းလေး လျှော်တတ်၊ ဆံပင်လေး ညှပ်တတ်ရုံနဲ့ ခေါင်းလျှော်ဆိုင် ဖွင့်တော့တာပဲ၊ ပြီးရင် ယောက်ျားတွေကို အမိကထားပြီး လျှော်ပေးမယ်၊ ပွတ်ကာသီကာ လုပ်ဝံ့သူတွေ ဌားမယ်၊ ဟွန်း… ဖြူတီပါလာခေတ်တော့ ပျက်ပါပြီ"

ဆရာမ ပြောသလိုပါပဲ။ ရန်ကုန်မြို့တော်ကြီးမှာ ခေါင်းလျှော်ဆိုင်တွေ မှိုလိုပေါက်လာပါတော့တယ်။ ယောက်ျားတွေဟာ ခေါင်းလျှော်ဆိုင်မှာ ဇိမ်ခံတတ်လာပါပြီ။ အရက်မသောက်၊ ဖဲမရိုက်၊ နိုက်ကလပ် မတက်ပေမယ့် ခေါင်းလျှော်ဆိုင်ကိုတော့ လူတန်းစားမရွေး လာဝံ့ပါတယ်။ ခေါင်းလျှော်တာဘာမှ အပြစ်မရှိဘူးလေ။

ခေါင်းလျှော်ဆိုင်တွေ ပေါ်လာတာနဲ့အမျှ ခေါင်းလျှော်ဆိုင်မှာ ဝင်လုပ်တဲ့ မိန်းကလေးတွေလည်း ပေါများလာပါတယ်။ တချို့ဆိုင်တွေက စာရိတ္တငဲ့ပေမယ့် တချို့ဆိုင်တွေကျတော့ တမင်ကို မြူနိုင်းပါတယ်။ သူတို့ကိုယ်တိုင်က စပ်စပ်ဟပ်ဟပ် ဝင်ပြောပါတယ်။ ခပ်ပုံပုံ မိန်းကလေးမျိုးကိုမှ ရွေးခန့်တဲ့ဆိုင်တွေ ပေါ်လာပါတယ်။ နောက်တော့ သိတဲ့အတိုင်း ခေါင်းလျှော်၊ ဆံပင်ညှပ်ဆိုင်တွေမှာ အပြင်ခေါ်လို့ရတဲ့ စနစ်တွေ ပေါ်လာပါလေရော။

ဒီကိစ္စမှာ ကျွန်မကတော့ မိန်းကလေးတွေကို အပြစ်မတင်ချင်ဘူး။

ကျွန်မ သူငယ်ချင်း နီနီ ဆိုရင် တကယ့်ကို ရိုးပါတယ်။ ရိုးတာမှ ရိုးတယ်ဆိုတဲ့ မိန်းမတွေအကြောင်း ပြောရင် သူ့ပဲ ခိုင်းနှိုင်းစရာ ရှိတော့တယ်။

mgyee.com

m.gyoe.com

သူက ကျွန်မနဲ့အတူ သင်တန်းတက်ပြီး ၆ လပြည့်မှ ထွက်ပါတယ်။ ဒါက လည်း နဂိုကတည်းက ၆ လစာပဲ တက်မယ်လို့ ပြောပြီး တက်ခဲ့သူပါ။ သူ့ မျက်နှာလေးက စင်ဒရဲလားပုံပြင်ထဲက မင်းသမီးလေးလို ဖြူစင်ပါတယ်။ ဒါပေမဲ့ ဒီလို ဖြူစင်တဲ့ မိန်းကလေးတွေရဲ့ ထုံးစံအတိုင်းက လူက မွဲရှာတယ်။ ၆ လ သင်တန်းတက်ခဲ့ချိန်မှာ အဝတ်သုံးစုံထက် မပိုဘူး။ သူ အလုပ်ဝင်လုပ် တော့မယ် ဆိုတော့ ဆရာမက တဖွဖွ မှာပါတယ်။ ခပ်အအ မနေဖို့၊ ယောက်ျား တွေကို သိပ်မရောဖို့၊ ဟိုခေါ် ဒီခေါ် မလိုက်ဖို့။ မှာသာ မှာရတယ်၊ သူ ဝင်လုပ်မယ့် ဆိုင်ရှင်ရဲ့ အထာကို ဆရာမက အစောကြီးကတည်းက ကြား ပြီးသား မဟုတ်လား။ ဆိုင်ရှင်ဟာ ခေတ်အဆက်ဆက်က နာမည်တစ်လုံးနဲ့ နေလာခဲ့သူပါ။ ရန်ကုန်တစ်မြို့လုံး လက်ဖဝါးထဲ ထည့်ထားတာလို့ ခပ်ကြွားကြွား ပြောလေ့ရှိတဲ့ လူပါ။ တကယ်လည်း ရန်ကုန်မြို့က အပျော်အပါးလုပ်ငန်းတွေ ဟာ သူ့လက်ရာ မကင်းဘူး။ အရင်ကတော့ ဖိမ်ခန်းတွေ ဘာတွေ ခိုးဖွင့်လို့ ထောင်ကျဖူးတယ်။ အခုတော့ ကာရာအိုကေဆိုင်တွေ၊ ခေါင်းလျှော်ဆိုင်တွေ တစ်ခေတ်ထလာတော့ သူလည်း ခေါင်းမော့ ရင်ကော့လာပါတယ်။ နာမည်က ကိုညိုကြီး… တဲ့။ အသက် ၄၀ ကျော်ကျော်ပဲ ရှိပါသေးတယ်။ သူ့ဘေးမှာ ဆယ်ကျော်သက်လေးတွေ အမြဲတမ်း ပါနေတတ်တယ်။ အကြောင်းသိတဲ့ လူတွေက အာဖျံကွီးလို့ နာမည်ပြောင် ခေါ်ပါတယ်။

မတတ်နိုင်ဘူးလေ။ လစာကောင်းကောင်း ပေးမယ်။ ကော်မရှင် ၅ ရာခိုင်နှုန်း ပေးမယ်ဆိုတဲ့ မက်လောက်စရာ ဆွဲဆောင်ချက်ကြီးက နီနီ့ကို ဆွဲခေါ်နေပါတယ်။ ပြီးတော့ ထမင်းတစ်နပ် ကျွေးသေးတယ်။ ယူနီဖောင်း လည်း ဆင်ပေးပါတယ်။

မဟာပုရိသများကလည်း ဒီလို နေရာမျိုးတွေ ရောက်ရင် ရိုးပ့်၊ အေးပ့်ဆိုတဲ့ နီနီတို့ကို အင်မတန် သဘောကောင်းရှာကြတယ်။ ခေါင်းလျှော်၊ မျက်နှာသစ်လို့ အထူးကြေးပေးတဲ့အပြင် မုန့်ဖိုးလည်း ပေးတယ်။ စားချင်တာ လည်း ဝယ်ကျွေးတယ်။ ဘယ်နေ့ ဘယ်အချိန် ပုံမှန်လာမယ်ဆိုတဲ့ ချိန်းချက် တွေလည်း အပြည့်။ ဒါကြောင့် ဒီလို မိန်းကလေးတွေဆိုရင် ကိုညိုကြီးတို့ မရ ရအောင် ရှာပါတယ်။ လစာငွေအပြင် ငွေကို သောင်းနဲ့ချီ ချေးငှားပေးပါတယ်။

တစ်လကနေ နှစ်လ၊ နှစ်လကနေ သုံး လေးလ ကြာလာတော့ နီနီ ငွေကို တောင်းတတ်လာပါပြီ။ အဲဒီအချိန်မှာ ကြိုက်ကြေး မပယ်တဲ့ ဖောက်သည်

m.gyoe.com

mgyoe.com SAMPLE BOOK


ကောင်းကို ကိုညိုကြီး ချိတ်ပေးထားပြီးပြီ။ လှှာတပြင်ပြင်နဲ့ ကျားက သမင်ကို ချောင်းနေပါတော့တယ်။ နောက်ဆုံးတော့ နီနီတစ်ယောက် ကိုညိုကြီးရဲ့ အကြွေးတွေရယ်၊ လိုနေတဲ့ ငွေကြေးရယ်ကြောင့် မထူးတော့တဲ့ ဇာတ်ဝင်ခန်းကို မြို့တော် ရန်ကုန်အတွက် နီနီ တင်ဆက် အသုံးတော်ခံခဲ့ရပါတော့တယ်။

သူ ကျွန်မကို ငိုငိုပြီး ပြောပြပါတယ်။

''ကြည်မာရယ်... တကယ့် ဘီလူးသဘက် ကျနေတာပဲဟယ်၊ ငါလေ ကိုယ့်ဘဝကို မထူးတော့တဲ့အဆုံး အံကြိတ်ပြီး ကလဲ့စားချေလိုက်ရတော့တယ်၊ ဒီလောကကို ငါ အရမ်းစိတ်နာတယ်ဟာ၊ လူတွေက ရမ္မန်းသိရင် လာတာပဲ၊ တစ်ယောက်နဲ့ တစ်ယောက် လက်တို့ပြီး ငါ့ကို လက်ဆင့်ကမ်းကြတယ်၊ မထူးတော့တဲ့အတူတူ ငါလည်း အံကြိတ်ပြီး နေရတော့တယ်ဟာ''

''ထွက်လိုက်ပါလား နီနီရယ်၊ ဘာလို့ ဆက်လုပ်နေမှာလဲ''

''ငွေက အမြဲလိုနေတယ် ကြည်မာ၊ စားစရိတ်တွေက ကြီးလာလေ၊ ငါ့မှာ အကြွေးက ပိလေပဲ၊ ဘယ်တော့မှ ထွက်နိုင်မလဲ မသိတော့ဘူး၊ အခုဆို ငါ အိမ်မပြန်တော့ဘူး၊ ကိုညိုကြီး ထားတဲ့ အဆောင်မှာပဲ နေတယ်၊ အိမ်မှာဆို ခဏခဏ လာခေါ်ရင် ပတ်ဝန်းကျင် ရိပ်မိသွားလိမ့်မယ်''

''အဆောင်မှာကရော''

''ငါ့လို လူတွေချည်းပါပဲဟာ၊ တချို့ဆို သိပ်သနားဖို့ကောင်းတယ်၊ ကိုညိုကြီးက တကယ့်ဖျံဟာ၊ မလည်မဝယ်လေးတွေဆို ဘာမဟုတ်တဲ့ ကြွေးနဲ့ ပန်းကောင်း အညွှန့်ချိုးခံရတာ၊ သူကတော့ တစ်ဖက်မှာ အမြတ်ယူပြီးပြီ၊ ဒါမျိုးဆို ယောကျ်ားတွေကလည်း ကြိုက်ဈေး ပေးတာပဲ၊ တချို့ဆို လေးငါးထောင်နဲ့ လူလည်လုပ်ခံလိုက်ရတာ၊ အထူးသဖြင့် နယ်က မိန်းကလေးတွေ ပိုခံရတာပေါ့၊ နောက်ဆုံး ဒီဘဝနဲ့ နေရတော့တာပဲ''

''ဒုက္ခပါပဲဟယ်... ကြားရတာ စိတ်ဆင်းရဲလိုက်တာ''

''ဒီထက် ဆိုးတာတွေ ရှိသေးတယ် ကြည်မာ၊ အဖမ်းခံရရင် ဖြစ်ဖြစ်၊ ထောင်ကျရင်ဖြစ်ဖြစ် လုံးဝ မကူညီဘူး၊ တစ်ခါတည်း အပြတ်ပြောထားတယ်၊ ကိုယ်ဖြစ်ရင် ကိုယ်ခံပဲတဲ့၊ နင် စဉ်းစားကြည့်ဟယ်၊ ငါတို့က တစ်ကိုယ်လုံးရင်းမှ အရိုးလောက် စားရတာပါ၊ သူတို့က အဲဒီထဲက အဆောင်ခတွေ၊ စားစရိတ်တွေ နုတ်သေးတယ်၊ ပြီးတော့ သူတို့ဘာသာ ဘယ်လောက်နဲ့ ဈေးတင်လာမှန်း သိတာ မဟုတ်ဘူး၊ တကယ့်ကို အာဖျံကွဲးပါဟာ''

mgyoe.com

ကျွန်မက အဲဒါဆို ဘာလို့ နေနေလဲ၊ ကိုယ့်ဘာသာ ကိုယ် ရပ်တည်ဖို့ ပြောပါတယ်။ နီနီက ရယ်ပါတယ်။ ကျွန်မကို ဘာမှ မသိသေးတဲ့ ကလေး သူငယ်လေးလို သဘောထားပြီး ရှင်းပြပါတယ်။

"ဘယ်မှာလဲ တိုက်ခန်းငှားဖို့ ပိုက်ဆံ၊ ဖုန်းငှားဖို့ ပိုက်ဆံ၊ အဆက် အသွယ်တွေ၊ လမ်းကြောင်းတွေ သိထားဖို့၊ အဲဒါတွေက သူတို့လက်ထဲမှာ ရှိတယ်၊ ရန်ကုန်မှာ ကိုယ့်ဟာကိုယ် ရပ်တည်ဖို့ဆိုတာ မိန်းကလေးတွေအတွက် မလွယ်ပါဘူး ကြည်မာရယ်၊ တကယ် မလွယ်ပါဘူး၊ ကိုယ့်မှာလည်း ရတာ ထက် ပိုရှာရမယ့် မိသားစုတာဝန်က ရှိသေးတယ်လေ၊ ငတ်တော့ အငတ်မခံ နိုင်ဘူး မဟုတ်လား၊ မိုက်တာလည်း ပါတာပေါ့၊ မလွယ်ပါဘူး ကြည်မာရယ်၊ သူတို့နဲ့ ပတ်သက်ပြီးရင် ရှုန်းထွက်ရခက်တယ်၊ အဓိကက ငွေပဲ၊ ကိုယ်က ငွေအမြဲလိုနေတော့ မကောင်းမှန်း သိရဲ့နဲ့၊ ထောင်မကြောက် တန်းမကြောက် လုပ်ရတာပဲ၊ သူတို့ ခေါင်းပုံဖြတ်မှန်း သိလျက် ခံရတာပဲ၊ ဘယ်တော့မှ မနိုင်နိုင်ပါဘူး ကြည်မာရယ်၊ လူဟာ သူ့ကံနဲ့ သူ လာရတာပါ"

"ခေါင်းပုံဖြတ်တာတော့ ဘယ်ကောင်းမလဲ နီနီရယ်၊ လူလူချင်းပဲဟာ"

"အမယ်လေး... မချော၊ ခေါင်းပုံဖြတ် မခံချင်ရင် ကိုယ်က ခေါင်းပုံ ဖြတ်နိုင်တဲ့လူ ဖြစ်မှပေါ့၊ အ,အမလေးရဲ့၊ ရှင်းပြီလား"

ကျွန်မ ကျင်လည်ရာ အလှပြင်ဆိုင်လောကအဖို့ ထိုသတင်းများက မဆန်းလှ။ အဲဒီလိုပဲ ကိုယ့်အလှကို ကိုယ် တန်ဖိုးထားပြီး လှလှပပ နေသူများ လည်း အများအပြားပင်။ တချို့ကျတော့ အလှအပကို ရင်း၍ ဘဝကို အကွက် ဖော်နေကြသူတွေလည်း တွေ့ရပါတယ်။ ဆရာမကတော့ ဘာမှ မပြောတော့။ အားလုံးကို အခကြေးငွေအတိုင်း ဆောင်ရွက်ပေးပါတယ်။ ကျွန်မမှာ တချို့ အမျိုးသမီးတွေကို ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် အားငယ်မိပါရဲ့။ သူတို့ ဝတ်စား ဆင်ယင်တာတွေ၊ အသုံးအဆောင်တွေ၊ ပြောတာတွေ နားထောင်ပြီး ကျွန်မ ဘဝဟာ သိမ်ငယ်စရာကောင်းလွန်းမှန်း တွေးမိပါတော့တယ်။ သူတို့ သုံးစွဲတဲ့ အသုံးအဆောင်တွေက တန်ဖိုးကြီးလွန်းလှလေလေ၊ ကျွန်မမှာ အားငယ်မိလေလေ ပါပဲ။ ဒါပေမဲ့ ကျွန်မ ရိပ်စားမိတဲ့ အချက်ကတော့ သူတို့ဟာ ကျဆုံးချိန် ရောက်မှာကို အမြဲတမ်း ထိတ်လန့်နေတယ် ဆိုတာပဲ။ သူတို့နဲ့ ပတ်သက်တဲ့ ပုရိသတွေက ချန်သွားမှာ၊ ထားသွားမှာကို အကြီးအကျယ် ထိတ်လန့်နေကြ ပါတယ်။

mgyoe.com

 mgyoe.com SAMPLE BOOK 

သစ်သမ္ဗျ၊ ဆန်းသမ္ဗျတွေကလည်း နေ့စဉ် ပေါ်ထွက်နေတာကိုး၊ တန်ဖိုးတွေကလည်း မြင့်သထက် မြင့်လာပါတယ်။ ရန်ကုန်မြို့ကြီး လှပဆန်းသစ်လာတာ လိုက်မမီအောင် ဖြစ်နေပါတော့တယ်။ ဆရာမခမျာလည်း အသစ်ပေါ်သမ္ဗျ အလှပြင်ဆိုင်သုံး ကိရိယာတွေ လိုက်မဝယ်နိုင်တော့ပါဘူး။ ရန်ကုန်မြို့ပေါ်မှာ ဧရာမ အလှပြင်ဆိုင်ကြီးတွေ အပြိုင်အဆိုင် ပေါ်ထွက်လာချိန်မှာ ဆရာမ ဆိုင်ဟာ တိတ်ဆိတ်ခြောက်သွေ့လာပါတော့တယ်။ ဆိုင်ကြီးတွေက မဂ္ဂဇင်းတွေမှာ ကြော်ငြာမျိုးစုံ သုံးပြီး ခေတ်ကြီးထဲကို အင်နဲ့ အားနဲ့ တိုးဝင်လာတာကြောင့် ဆရာမတို့လို ဆိုင်ငယ်လေးတွေအတွက် အဓိက ဖောက်သည်တွေ ကင်းဝေးလာပါတော့တယ်။ ဆရာမကိုယ်တိုင်ပဲ ကြာရင်တော့ ငါ ဆိုင်ပိတ်ရတော့မှာပဲလို့ ညည်းညူလာရတဲ့အထိပါပဲ။

□

"အဲဒါ ဘဝရဲ့ စည်းချက်တစ်ခုပဲ ကြည်မာ၊ ပြီးတော့ ဘဝရဲ့ ကစားနည်းတစ်မျိုးပဲ၊ နင် ယူတတ်ရင် တကယ့်သင်ခန်းစာပဲ၊ ငါတို့ ပန်းချီလောကမှာလည်း စကားတစ်ခွန်း ရှိတယ်၊ စုတ်ချက်လိုက်တုန်း များများဆွဲ ဆိုတဲ့စကား၊ ကိုယ် အခြေအနေပေးတုန်း… အာရုံရတုန်း အားစိုက်ရတယ်၊ မဟုတ်ရင် အဲဒီအာရုံဟာ တော်တော်နဲ့ မလာတော့ဘူး၊ တော်တော်နဲ့ကို မလာတော့ဘူး။ ဒါကြောင့် ဘယ်လောက် ပါရမီထူးတဲ့ ပန်းချီဆရာတွေပဲဖြစ်ဖြစ်၊ သူတို့မှာ အကောင်းဆုံးလက်ရာဆိုတာ ရှိတယ်၊ အဲဒီလက်ရာ ဖြစ်ပေါ်ဖို့ ဘေးက ပံ့ပိုးပေးရတဲ့ အခြေအနေတွေဟာ တစ်သက်မှာ နှစ်ခါ မရဘူး၊ ရလိမ့်ဦးမယ်လို့ မျှော်လင့်ပြီး အခွင့်ကောင်းကို လက်လွှတ်လိုက်ရင် ဆုံးရှုံးရတော့တာပဲ"

ကျွန်မ အစ်ကိုဖြိုးကို ငေးပြီး နားထောင်နေလိုက်ပါတယ်။ သူဟာ အရင်က ကိုဖြိုး မဟုတ်တော့ပါဘူး။ သူ့ပန်းချီကားတွေဟာ တော်တော်ဈေးကွက်ဝင်လာပါပြီ။ ပြပွဲတွေ မကြာခဏ လုပ်နေပါရဲ့။ လေးလေးကတောင် သူ့ကို မြို့ထဲမှာ ပန်းချီအရောင်းပြခန်း ဖွင့်ပေးပါတယ်။ သူ အရက်မူးမနေတော့တာကိုပဲ အားလုံး ဝမ်းသာနေကြပြီလေ။

"နင့်ကို ငါ ပြောချင်နေတာ ကြာပြီ၊ နင်က ကိုယ့်ဟာကိုယ် ထင်တစ်လုံးနဲ့ နေနေလို့ ငါ ဘာမှ မပြောဘဲ ကြည့်နေတာ၊ လှချင်ပချင်တဲ့ နင့်စိတ်တွေ လျှော့သင့်ပြီလို့ ငါ ထင်တယ်၊ နင့်မှာ ဘာအာမခံချက် ရှိလဲ၊ ငါ့ကို

mgyoe.com

mgyoe.com

ပြောစမ်း၊ ဘဝရှေ့ရေးအတွက် ဘာတွေ ရွေးချယ်ပြီးပြီလဲ၊ ဘာတွေ တတ်မြောက်ပြီးပြီလဲ၊ ကဲ… နင် ဘာဖြေစရာ ရှိလဲ၊ ယောက်ျားယူမှာလား၊ ဘာအလုပ်လုပ်မှာလဲ၊ နင့်ဘဝဟာ ဘာမှ မရေရာနဲ့၊ အလှပြင်တာချည်း လုပ်မနေနဲ့ဟာ၊ နင့်ကိုယ်နင် စဉ်းစားဦး”

“အစ်ကိုဖြိုးကလည်း ဆရာမ ဆိုင်ပိတ်ရမှာနဲ့ ကြည်မာနဲ့ ဘာဆိုင်လို့လဲ”

“ဟာ… ဆိုင်တာပေါ့ဟ၊ ခေတ်တွေ ပြောင်းနေပြီ ကြည်မာ၊ မနားမနေ ပြောင်းလဲနေတယ်၊ အခုပဲ ကြည့်စမ်း၊ လေးလေး ရောင်းခဲ့တဲ့ အလှကုန်တွေ၊ အရင်က ဈေးကြီးပါတယ် ဆိုတာတွေ၊ အခု အပေါစား ဖြစ်နေပြီ၊ အာချီတွေ၊ ပလိုမိန်တွေဟာ ဈေးကွက်မှာ အနိမ့်ဆုံး ဖြစ်နေပြီ၊ မိတ်ကပ်တစ်ဘူးကို ဘယ်လောက်လဲ၊ နင် ကြည့်စမ်း၊ ဘယ်နှသောင်းတန် သုံးချင်သလဲလို့ ဖြစ်နေပြီ၊ အဲဒါ ခေတ်ပြောင်းနေတာ၊ ရပ်နေရင် ကျန်ခဲ့မယ်၊ မီအောင်လိုက်မှ ခေတ်မှာ ထင်ကျန်မယ်၊ ဒါ ငါ မြင်တာ ပြောနေတာ မဟုတ်ဘူး၊ တကယ်ဖြစ်နေတာကို ပြောနေတာ၊ နင် အခုကြည့်လေ၊ နင့်သူငယ်ချင်းတွေ… ဟုတ်လား၊ လှလိုက်တာ ပျံနေတာပဲ၊ နောက်ဆုံး ဘာရလဲ၊ ဘာမှလုပ်လို့မရဘူး၊ အခုလည်း နင် လှပါတယ်၊ ဒါပေမဲ့ နင့်ထက် လှတာတွေ နင့်နောက်မှာ ပေါ်လာဦးမှာပဲ၊ အဓိကဟာ… အလုပ်ပဲ ကြည်မာ၊ အလုပ်ကို မြတ်မြတ်နိုးနိုး လုပ်နေမှ နင် မကျန်ရစ်မှာ၊ ရှင်းလား”

“အစ်ကိုဖြိုးကရော… ဘာလုပ်လို့လဲ၊ တစ်နေ့နေ့ ဒါတွေပဲ ထိုင်ဆွဲနေတဲ့ဟာကို”

ကျွန်မ သူ့အနားက ခွာပြီး မီးဖိုခန်းထဲ ဝင်ခဲ့ပါတယ်။ ဒီညနေ ငါးသလောက်ပေါင်းစားမယ်လို့ လေးလေး မှာထားလို့ ပေါင်းလက်စ ဟင်းအိုးကို လာကြည့်ရင်း အစ်ကိုဖြိုး ပြောတာတွေ စဉ်းစားနေမိပါရဲ့။ သူ ပြောမှပဲ ကျွန်မကို ကျွန်မ ဘာမှန်းမသိ ဖြစ်ရပါပြီ။ ဟုတ်တယ်… ကျွန်မဟာ ဘာလဲ။ ဘာလုပ်ဖို့ ဒီအလှပြင်သင်တန်းကို တက်ခဲ့ရတာလဲ။ ဘာလို့ အလှအပတွေကို မက်မောနေတာလဲ။ လေးလေးကရော ဘာလို့ ကျွန်မကို လှစေချင်တာပဲ။ ကျွန်မ လှတော့ရော ဘာတွေ ဖြစ်လာမလဲ။ ကျွန်မ မစဉ်းစားနိုင်တော့ပါဘူး။ အစ်ကိုဖြိုးကို မေးရင်ကော သိမလား၊ ကျွန်မဟာ နည်းနည်းစိတ်ဆတ်ပါတယ်။ ဒါကြောင့် အစ်ကိုဖြိုးကို ချက်ချင်းပဲ သွားမေးကြည့်ပါရဲ့။

mgyoe.com

mgyoe.com

"အစ်ကိုဖြိုး… လေးလေးက ကျွန်မကို ဘာလို့ လှအောင် လုပ်ခိုင်းတာလဲ ဟင်"

"ငါလည်း အဲဒါပဲ စဉ်းစားနေတာ"

"ဟွန်း… အစ်ကိုဖြိုးကလည်း၊ သူပဲ သိသလိုလို၊ တတ်သလိုလိုနဲ့"

"ဟ… လူတိုင်း စိတ်ကိုတော့ ငါလည်း ဘုရားမှ မဟုတ်တာ၊ ဘယ်သိမလဲ၊ နင့်ဘာသာ မေးကြည့်ပါလား"

"မမေးရဲပါဘူး၊ ကြောက်လွန်းလို့"

"နင်တို့ အဲဒါ ခက်တာပဲ၊ ဟင်… ငါ့ကျတော့ စကားပြောလွန်းလို့ နားငြီးတယ်လေး ဘာလေးနဲ့၊ လေးစားရကောင်းမှန်း မသိဘူး၊ ငါက အကြီးနော်၊ တစ်ခါတလေ ငါ့ညှော်သည်တွေ ရှိရင် နင် ငါ့ကို အော်ကျယ်အော်ကျယ် ပြန်ပြောတာတွေ ငါ မကြိုက်ဘူး၊ အခု နင့်ဟာနင်ကျတော့ မမေးရဲတော့ဘူး၊ ဘာဖြစ်လဲ၊ နင် မေးပေါ့၊ ကျွန်မ ဘာဆက်လုပ်ရမလဲ၊ ဘာမှ မလုပ်ရရင် ရွာပြန်တော့မယ်၊ ဘာညာပေါ့"

"အံမယ်… ရွာမပြန်ပါဘူးနော်၊ ဝေးသေး"

"အယ်… ကိုယ့်ရွာကိုယ် ပြန်တာ ဘာဖြစ်လဲ၊ ဒီအချိန်ဆို နင့်ကောင်ကျော်သန်းလည်း နင့်ကို ဒူးထောက်လောက်ပါပြီဟ"

"ဒူးမကလို့ နဖူးပဲ ထောက်ထောက်၊ မပြန်ရေးချ မပြန်၊ ဒီမှာ မနေရရင် ဆရာမတို့နဲ့ သွားနေမှာ"

"အလဲ့လဲ့… နင့်ကို လေးလေးက ထားပါလိမ့်မယ်၊ ဆရာမယောက်ျားက နင့်ကို ချိတ်နေတာ မသိဘူးမှတ်လို့"

"အစ်ကိုဖြိုးနော်၊ ကြည်မာ အော်ငိုပစ်မှာ၊ အဲဒီသေချင်းဆိုးနဲ့"

"နင့်ကို ကြိုက်နေတာပဲဟာ၊ နင်က ကြိုက်တတ်လို့ ငါ မပြောရပါလား"

"အစ်ကိုဖြိုး"

ကျွန်မ တအားကျုံးအော်တော့ သူ ဆက်မနောက်တော့ဘူး။ ကျွန်မ နှုတ်ခမ်းဆူပြီး ဒီတစ်ခါတော့ လေးလေးနဲ့ အတိုင်ပဲ၊ ငါးသလောက်ပေါင်းလည်း မကျွေးတော့ဘူး ဆိုပြီး ခြေဆောင့်ထွက်လာခဲ့ပါတယ်။

ကျွန်မ စိတ်ထဲ ဒေါသလည်း ထွက်နေပါတယ်။ အစ်ကိုဖြိုးကို ဒေါသဖြစ်တာလည်း ပါတယ်။ ဟိုလူ့ကို ဒေါသဖြစ်တာလည်း ပါတယ်။

mgyoe.com

ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်တာလည်း ပါတယ်။ ဟိုလူဆိုတာ အစ်ကိုဖြိုး ပြောတဲ့ ဆရာမရဲ့ ယောက်ျားပါ။ သူက အသက် ၂၀ ကျော်ကျော်ပဲ ရှိပါသေး တယ်။ လူကတော့ ဖြောင့်ပါတယ်။ ဒါပေမဲ့ အကျင့်မကောင်းဘူး။ မော်ဒယ်လ် ဘွိုင်း ဝင်လုပ်ရင်း သူ့ဟာသူ မဟန်မှန်း သိတော့ ကျွန်မ ဆရာမ အပျိုကြီးကို ချိတ်ပါတော့တယ်။ ဆရာမက သူ့ဆံပင်ကို ညှပ်ပေးနေကျ၊ လျှော်ပေးနေကျ ပါ။ နောက်တော့ ဘယ်လိုဖြစ်ပြီး ယူသွားကြသလဲ မသိဘူး။ မင်္ဂလာတော့ မဆောင်ကြဘူး။ တရားဝင် လက်မှတ်ထိုးထားကြပါတယ်။ ငနဲက သိတဲ့အတိုင်း ပဲလေ။ ဘောင်းဘီ ထည်လဲဝတ်၊ ပွဲတကာ ပွဲသွား၊ လူက ကြော့နေအောင် ပြင်ပြီး သရုပ်ဆောင်လောကကို လေ့လာနေသတဲ့။

ကျွန်မဖြင့် သူ ပါတဲ့ ကားတစ်ကားမှတောင် မကြည့်မိပါဘူး။ ဇာတ်ဝင်ခန်းလေး သုံး လေးခန်းမှာ ဝေလေလေ ပါလာရင် ဆိုင်မှာ မကြည့် မနေရဘဲ။ တစ်ခါမှလည်း ကောင်းကောင်းကန်းကန်း အခန်းက မပါပါဘူး။ စားပွဲထိုးတို့၊ မင်းသားရဲ့ သူငယ်ချင်း မရေမရာတို့၊ ဟိုတယ် ဧည့်ကြိုတို့လို အခန်းတွေပဲ တွေ့ရပါရဲ့။ လူကသာ ဟိုမရောက် ဒီမရောက်ပေမယ့် လေသံ ကတော့ ထွားသားပဲ။ စကားပြောရင် ရုပ်ရှင်လောကကြီးဆိုတာ ပါးစပ်က မချဘူး။ ခေါင်းဆောင်မင်းသားများ တစ်ကားလောက် ရိုက်ရရင် ဟောလိဝုဒ် ကို ကိုင်ပေါက်မလားဘဲ။ ဆရာမကိုလည်း သိပ်နိုင်ပါတယ်။

ဆိုင်မှာ လူဘယ်လောက်ပဲ ကျနေ ကျနေ၊ သူ ပြန်လာရင် ဆရာမက ကိုယ်တိုင် ခြေအိတ် ချွတ်ပေးရတယ်။ ထမင်း ခူးကျွေးရတယ်။ ရေတောင် ခပ်တိုက်ရပါတယ်။ ငနဲက အဲဒီအချိန်ဆို အိမ်ရှေ့မင်းသားလို ဟန်များပါလေ ရော။ တစ်ခါတလေ ဆရာမကိုယ်စား ကျွန်မတို့က ထမင်းခူးကျွေးရပါတယ်။ သူက စကားမရှိ စကားရှာပါတော့တယ်။

"မမ ဘယ်သွားလဲ၊ သွားတာ ကြာပြီလား"

"မကြာသေးဘူးရှင့်၊ ဆံပင်ကောက်ဆေး မှာလို့ သွားပို့တာ"

"ဟာ... ငါ ပြန်လာမယ်ဆိုတာ မသိဘူးလား"

"ဆရာမက မှာခဲ့တယ်၊ အစ်ကိုလေး လာရင် ထမင်းခူးကျွေးလိုက် တဲ့"

"အေး... ပြီးရော၊ ရှေ့မှာ လူကျနေလား"

"ဟင့်အင်း"

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါဆို ငါ ခေါင်းလျှော်မယ်၊ ကြည်မာ့ကို ပြောလိုက်"

ကျွန်မက လျှော်ပေးတယ်များ အောက်မေ့နေလား။ ဘယ်လျှော်ပေးမလဲ။ လျှော်ပေးရင်လည်း ဆရာမ ပြန်လာရင် ပြဿနာ ဖြစ်မှာပေါ့။

"ကျွန်မ မအားသေးဘူး၊ ခြေအိတ်တွေ လျှော်နေတယ်၊ ဆရာမ ထဘီတွေလည်း လျှော်ရဦးမယ်"

"ငါ ခိုင်းရင် နင် ဒီလိုချည်းပဲ၊ တမင်ရှုပ်များ လုပ်နေသလားပဲ၊ တော်ပြီ တော်ပြီ… ငါလည်း မစားတော့ဘူး၊ အချိုးကို မပြေဘူး"

သူက ဆူအောင့်ပြီး ထွက်သွားတတ်ပါတယ်။ မချောင်ဘူး။ ငနဲက လစ်ရင် လစ်သလို ကပ်လာသေးပြန်တယ်။

"သမ္ဘတမှာ ကားကောင်းတယ်၊ ငါ လက်မှတ် မှာထားတယ်၊ ကြည့်မလား"တဲ့။

"မကြည့်ပါဘူး၊ ဘာလို့ ကြည့်ရမှာလဲ"

"နင်ကလည်းဟာ၊ ကိုယ့်မောင်နှမတွေပဲဟာ၊ ဘာဖြစ်လဲ"

"လာမလုပ်နဲ့နော်၊ ကျွန်မ တိုင်လိုက်ရမလား"

"မကြည့်လည်း ပြီးတာပဲဟာ"

ဒါမျိုးတွေဟာ ကျွန်မကိုမှ မဟုတ်ပါဘူး။ အလုပ်သင် ဝင်လာတဲ့ ခပ်လှလှ မိန်းကလေးမှန်သမျှ သူ့အကျင့် ဖြစ်နေပါတယ်။ ပါသွားတဲ့ လူတွေလည်း ရှိပါတယ်။ ကျွန်မကတော့ ဆရာမ စိတ်ဆင်းရဲမှာစိုးလို့ ဘာမှမပြောဘူး၊ ငနဲကတော့ ကွယ်ရာမှာ ကြိမ်းပါတယ်။ သူ့လက်က မလွတ်ပါဘူးတဲ့။ တစ်နေ့ သူ့ကို ဒူးထောက်စေရမယ်တဲ့။

ရယ်တောင် ရယ်ချင်သေးတယ်။ ကျွန်မကို ခပ်ပေါ့ပေါ့ တွေးထားတဲ့ မိန်းကလေးလို့ သူမို့ ထင်ရက်ပလေတယ်။ ရပါလိမ့်မယ် အားကြီးကြီး။ လောကကြီးမှာ သူက သူ့ကိုယ်သူ ဖျံလို့ ထင်ထားတာကိုက ကျွန်မကို အထင်သေးစေတာပဲ။ တကယ်မှာ ကျွန်မက တစ်နေ့မှာ သူ့ထက် ဖျံကျမယ်ဆိုတာ မသိသေးလို့ နေမှာပါလေ။

□

mgyoe.com

mgyoe.com SAMPLE BOOK

# ကုသိုလ်တော်တော်ကြီး ရှုပြီထင်

ကျွန်မဘဝရဲ့ အကြီးမားဆုံး အလှည့်အပြောင်းကို စစေခဲ့တဲ့ နေ့တစ်နေ့ကို ပြောပြပါဦးမယ်။ ကျွန်မ ရန်ကုန် ရောက်တာ ၃ နှစ်ပြည့်ပြီးလို့ ၃ လပြည့်တဲ့နေ့၊ ကျွန်မ အသက် ၁၈ နှစ်တင်းတင်း ပြည့်တဲ့နေ့ ၁၉၉၈ ခုနှစ် မတ်လ ၁၉ ရက်နေ့။

အဲဒီမတိုင်ခင်မှာ အစ်ကိုဖြိုး အိမ်က ဆင်းသွားပါတယ်။

လေးလေးနဲ့ အစ်ကိုဖြိုးတို့ အကြီးအကျယ် စကားများတဲ့နေ့။ ကျွန်မရဲ့ဘဝကို လေးလေးထံမှာ စတေးခံလိုက်ရတဲ့နေ့။ မှတ်မှတ်ရရ ဖြစ်စရာတွေ ပြည့်နေပါရဲ့။

အဲဒီမတိုင်ခင်မှာကတည်းက အစ်ကိုဖြိုး ကျွန်မကို ချစ်ရေးဆိုလာပါတယ်။ သူက ပန်းချီဆရာဆိုတော့ သူ ချစ်ရေးဆိုတော့လည်း ပန်းချီ အသုံးအနှုန်းတွေ ပြည့်လို့နေပါတယ်။ ပြောတာတွေတော့ အများသား။ ကျွန်မမှတ်မိတာကတော့ သိပ်မများဘူး။ မများဘူးဆိုတာ ကျွန်မမှ သူ့ကို စိတ်မဝင်စားတာကိုး။

mgyoe.com

ကျွန်မကို ချစ်ရေးစဆိုတဲ့နေ့က ခြံထဲမှာ သူ ပန်းချီဆွဲမလို့ ပြင်ရင်း စိတ်ကူးပေါက်ပြီး ပြောချလာပါတော့တယ်။

"ကြည်မာ… လာဦး"

ကျွန်မ ပန်းပင်တွေ ရေလောင်းနေရာက သူ့ဆီ လာခဲ့ပါတယ်။

"ငါ စကားပြောစရာ ရှိတယ်၊ နင့်ဘဝနဲ့ ဆိုင်တယ်၊ ဒီစကားကို ကြားပြီးရင် နင် ဘယ်သူနဲ့မှ မတိုင်ပင်နဲ့နော်၊ ကြားလား၊ သိပ်အရေးကြီးလို့ ငါ ပြောနေတာ"

"ကဲ… ပြောပါ၊ ဒီမှာ အလုပ်မပြီးသေးဘူး"

သူက ကျွန်မ လက်ထဲက ရေပိုက်ကို ဆွဲယူသွားပြီး ရေပိုက်ခေါင်းကို သွားပိတ်ပါတယ်။ ပြီးတော့ သူ့ပန်းချီဆွဲခုံနားကို ခေါ်ပြီး ထိုင်ခိုင်းတယ်။ သူ့မျက်နှာဟာ အရေးတကြီး ဆုံးဖြတ်ချက်ကို ချတော့မှာမို့ အတော်လေးကို စိတ်လှုပ်ရှားနေသလိုပါပဲ။ သူ့အသားက နဂိုကမှ ဖြူစပ်စပ်မို့ စိတ်ရှုပ်ထွေးတဲ့ အခါ သူ့မျက်နှာဟာ တင်းကားပြီး အနီရောင်သန်းနေပါတယ်။

ကျွန်မကို သူ ကြည့်ပြီး သက်ပြင်းချတယ်။ ပြီးတော့မှ–

"လွန်ခဲ့တဲ့ ၃ နှစ်လောက်က နင် ငါ့ကို ပန်းချီဆွဲခိုင်းတယ်နော်"

"အင်းလေ… အခု ဆွဲပေးမလို့လား၊ ဒါဆို ဒီအတိုင်းတော့…"

"နေဦးဟာ… စကားကို ဖြတ်ဖြတ်မပြောနဲ့၊ ငါ ပြောတာပဲ နားထောင်၊ ကြားလား၊ တော် တော်… ငါ မေးလို့တွေ ဘာတွေ မပြောနဲ့တော့"

သူက စကားဖြတ်ပြီး ဆေးလိပ် မီးညှိပါတယ်။

"နင့်အတွက် ငါ ပန်းချီဆွဲထားတယ်၊ အဲဒီပန်းချီဟာ ဒီအတိုင်း ကြည့်ဖို့ ခက်တယ်ဟ၊ ငါလည်း တော်တော်စဉ်းစားပါတယ်၊ ငါ ပြောတာကို နားလည်နိုင်ရဲ့လားလို့ တွေးတယ်၊ ငါ့ရင်ထဲမှာ ပန်းချီရှိတယ်၊ နင့်အတွက် ဆွဲထားတာ၊ အေး… ဒါပေမဲ့ အဲဒီပန်းချီကို နင် ကြည့်ဖို့ဆိုရင် နင် ငါ့ကို လက်ထပ်ရမယ်၊ ဟုတ်တယ်… မအံ့သြနဲ့၊ ငါ ပန်းချီဆရာ ပြန်ဖြစ်လာတာ လူတွေကို နားလည်လို့၊ လောကမှာ ငါ လုပ်ပေးလို့ ကောင်းကျိုးရှိဦးမယ် ဆိုတဲ့ လူတွေကြောင့် ငါ ပန်းချီပြန်ဆွဲတာ၊ ဒီလို ငါ ပြန်နေတာ၊ ဘယ်သူ့ကို ဘာလို့ ငါ မစွပ်စွဲချင်ဘူး၊ နင် စဉ်းစားပါ ကြည်မာ၊ ငါ့ပန်းချီကို နင် ကြည့်မလား၊ ဒါမှမဟုတ်…

အေးပါဟာ… ငါ အစိုးရိမ်လွန်တာပဲ ဖြစ်မှာပါ၊ နင့်ကို ဒီစကား ပြောတဲ့အတွက် လေးလေးနဲ့ ငါ ပြဿနာဖြစ်မှာပဲ၊ မတတ်နိုင်ဘူး၊ ငါ့မျက်စိ

mgyee.com

mgyoe.com

အောက်မှာ လူတစ်ယောက် ဒုက္ခဖြစ်မှာကို ငါ မမြင်ချင်ဘူး၊ ဘဝတဏှာဆိုတာ ခက်သားပဲ ကြည်မာ၊ လူတွေဟာ ပန်းတွေကို အမျိုးမျိုး ချစ်ကြတယ်၊ ပန်ဖို့… ဟုတ်လား၊ မွေးဖို့၊ အလှကြည့်ဖို့၊ အမျိုးမျိုးပေါ့ဟာ၊ နင် ငါ့ကို ငြင်းချင်လည်း ငြင်းပါ၊ ဒါ နင့်အခွင့်အရေးပဲ၊ ငါ့ရင်ထဲက ပန်းချီကားကြီးကတော့ နင် မကြည့်ရင် ပိုင်ရှင်မဲ့မှာပဲ၊ ဒါလည်း ဘာမှတော့ အရေးမကြီးပါဘူး၊ တကယ်တော့ ငါ နင့်ကို ဒီပန်းချီ ပေးချင်တာဟာ ငါ့ဒုက္ခ ငါ ရှာတာပဲ၊ ငါ စာတွေ မဖတ်ခဲ့ရင် ကောင်းသားပဲ၊ လူတွေရဲ့ အရိပ်အကဲကို မလေ့လာခဲ့ရင်လည်း ကောင်းသားပဲ၊ ဒါပဲဟာ၊ နင် စဉ်းစားပါ၊ ငါ့ကြောင့်တော့ ကိုယ့်ဘဝ ရည်မှန်းချက်ကို အပျက်မခံနဲ့''

''အစ်ကိုဖြိုး၊ အခု အခု… ဘာတွေ ပြောတာလဲ၊ ရည်းစားစကားလား''

''နင့်ဘာသာ စဉ်းစားလေ၊ ဘာလို့ ငါ့ လာမေးတာလဲ''

''အစ်ကိုဖြိုး ပြောတာ ဘာလဲ၊ ကျွန်မက ဘယ်ပန်းချီကို ကြည့်ရမှာလဲ''

''တော်ပြီဟာ… နောက်မှ ငါ ပြောတော့မယ်၊ စိတ်မပါတော့ဘူး''

''သေလိုက်တော့၊ ဘာမှန်းလည်း မသိဘူး''

ကျွန်မမှာ ငိုရခက်၊ ရယ်ရခက်နဲ့ သူ့စကားတွေကို ဘာမှန်း မသိခဲ့ပါဘူး။ ပြန်စဉ်းစားတော့လည်း ဘာမှ ရေရေရာရာ မရှိလို့ ဘာသိဘာသာ နေလိုက်ပါတယ်။ သူ့ဘက်ကလည်း နောက်ထပ် ဘာမှ ဆက်မပြောဘဲ နေပါတယ်။ နောက်ဆယ်ရက်လောက် ကြာတော့ ထမင်းစားရင်း ပြောပြန်ပါတယ်။

''ငါ အချစ်ဆိုတဲ့ အရာကို စဉ်းစားကြည့်တယ်၊ ဘယ်အချစ်ပဲဖြစ်ဖြစ် သူ့ဟာနဲ့သူ ဟုတ်နေပေမယ့် တာဝန်ဝတ္တရားအရ ချစ်တာကျတော့ ဘယ်လို ခေါ်မလဲ၊ ပန်းချီမှာဆိုရင် ဆွဲရမယ့် ဝတ္တရားရှိလို့ ဆွဲတဲ့ပုံနဲ့၊ တကယ်ဆွဲချင်လို့ ဆွဲရတဲ့ပုံ ကွာသလို နေမှာပဲ''

''ဘာလဲ… အစ်ကိုဖြိုးက ကျွန်မကို အဲဒီလို ချစ်တာလား''

''အေး… အဲဒီလိုလည်း ချစ်တယ်၊ ချစ်ချင်လို့လည်း ချစ်တယ်၊ ဘယ်ဟာက သာသလဲတော့ ငါလည်း မသိဘူး''

''အဲဒါများ ဘာလို့ လာပြောနေသေးလဲ''

''အဲဒါလည်း ငါ မပြောတတ်ဘူး၊ နင့်ကို ငါ ချစ်မယ်ဆိုတော့ ငါ စဉ်းစားတယ်၊ လက်ထပ်ဖို့လား၊ ကလေးတွေ မွေးပြီး ပျော်ကြဖို့လား၊

mgyoe.com

 m.gyoe.com SAMPLE BOOK 

လက်ထပ်ပြီးရင် ဘာဖြစ်ကြမလဲ၊ ငါက ပန်းချီကားတွေ လိုက်ရောင်း၊ နင်က အိမ်မှာ ကလေးထိန်း… ဟုတ်လား''

''နေပါဦး… နေပါဦး… ကျွန်မက အစ်ကိုဖြိုးကို ယူမယ် ပြောလို့ လား''

''ဒါက နင့်ကိစ္စလေဟာ၊ ငါက ငါ့ဘာသာ တွေးတာလို့ ပြောနေတဲ့ ဥစ္စာ''

''နှမချင်းလည်း ကိုယ်ချင်းစာပါဦး အစ်ကိုဖြိုးရယ်၊ ကိုယ့်ဖို့ချည်းပဲ''

''ကြည်မာရယ်… ငါက ကိုယ်ချင်းစာလို့ ဒါတွေ တွေးတာပေါ့ဟ''

''ကျွန်မ အစ်ကိုဖြိုးကို မကြိုက်ဘူး၊ ရှင်းရှင်းပဲ''

''ဒါဆို နင်…''

သူ ရယ်ပါတယ်။ သူ ရယ်ပုံက သူ့တာဝန်ကျေပြီလို့ ယူဆပြီး ရယ်တာမျိုးပါ။ ကျွန်မ သူ့ကို မေးကြည့်မိပါတယ်။

''အစ်ကိုဖြိုးကို လေးလေးက ပြောခိုင်းတာလား ဟင်…''

''ဘယ်ကသာ''

လို့ သူ ငြင်းတယ်။ ကျွန်မ မကျေနပ်လို့ မဲ့လိုက်ပါရဲ့။

''ဒါဆို ကျွန်မ ဘယ်သူနဲ့ ကြိုက်နေတယ် ထင်လို့ အစ်ကိုဖြိုး ပြောတာလဲ''

''အလဲ့… အလာကြီးပါလား၊ ဘာလို့ မေးတာလဲ''

''မဟုတ်ပါဘူး၊ အစ်ကိုဖြိုးတို့ မသိအောင် ကျွန်မ ဘာလုပ်ထားသလဲလို့ သိချင်လို့ပါ၊ လေးလေးက မှာထားတယ်လေ၊ ရည်းစားထားရင် ဒီမှာ မနေရဘူးတဲ့၊ ဟင်း ဟင်း''

''ဩော်… ငါ မသိရပါလား၊ ဘယ်တုန်းက ပြောတာလဲ''

''ကြာပြီ၊ သင်တန်းမတက်ခင်ကတည်းက''

''ဒါပေမဲ့… နင့်ကို ရည်းစားစကား ပြောတာတော့ ဘာမှမဖြစ်ပါဘူးနော်''

''ဘယ်သိမလဲ၊ လေးလေးကို မေးကြည့်ပါလား''

''အပါးပါး… တစ်ဂိုဏ်းတည်းပါပဲလားဟ''

''ကျွန်မကတော့ လေးလေးကို တိုင်ရလိမ့်မယ်''

mgyoe.com